
စိတ်ကူးချိုချိုအနုပညာ



# နှစ်ဆယ့်တစ်ရာစုနှစ် မြန်မာ့အလားအလာ

## ၂၀၀၀ ပြည့်နှစ်စာစု

ဒေါက်တာသန်းထွန်း

mgyoe.com



# နှစ်ဆယ့်တစ်ရာစုနှစ်
# မြန်မာ့အလားအလာ

## ၂၀၀၀ ပြည့်နှစ်တာစု

## ဒေါက်တာသန်းထွန်း

DTH0010
2,500.00 KS

mgyoe.com

နှစ်ဆယ့်တစ်ရာစုနှစ် မြန်မာ့အလားအလာ(၂၀၀၀ ပြည့်နှစ်စာစု)
ဒေါက်တာသန်းထွန်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၅၅၇ ၀၄၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၉၉၆ ၀၈၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးစာတ်ပုံ | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုမြင့်၊ ညီဝင်းမြင့် |

၈၉၅·၈၄
သန်းထွန်း၊ ဒေါက်တာ
နှစ်ဆယ့်တစ်ရာစုနှစ်မြန်မာ့အလားအလာ -
၂၀၀၀ ပြည့်နှစ်စာစု /ဒေါက်တာသန်းထွန်း၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၁၉၅ မျက်နှာ၊၁၄·၅ စင်တီ× ၂၂ စင်တီ
(၁) နှစ်ဆယ့်တစ်ရာစုနှစ်မြန်မာ့အလားအလာ
-၂၀၀၀ ပြည့်နှစ်စာစု

၂၀၁၁၊ နိုဝင်ဘာလ၊ အုပ်ရေ ၅၀၀
ဈေးနှုန်း ၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


◆ သန်းထွန်းအကြောင်း အရိပ်အမြွက် -

၁။ မြန်မာရှေးဟောင်းသုတေသန (မြန်မာမြေထဲသမိုင်း) ပြဿနာ ၁

၂။ နှစ်ဆယ့်တစ်ရာစုနှစ် မြန်မာ့အလားအလာ ၅

၃။ ဖြန့်ထွက်တွေးခြင်း (၁၉၉၇) ၁၀

၄။ ကလျာဏီမွန်ကျောက်စာ ၁၄

၅။ ရှေးဟောင်းမြန်မာနိုင်ငံ ကျောက်စာနိဒါန်း
နောက်ဆုံးတွေ့ ပါဠိမွန်ကျောက်စာ ၂၁

၆။ ရခိုင်မြောက်ဦး ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာ ၂၆

၇။ ရခိုင်အာနန္ဒစန္ဒြကျောက်စာ အကဲဖြတ် ၃၆

၈။ ကျွန်တော်လည်း အဖြေမသိပါ ၄၀

၉။ ပုဂံကျောက်သရေ ၄၃

၁၀။ ဟံသာဝတီ ဆင်ဖြူရှင် ၅၇

၁၁။ ဟံသာဝတီနေပြည်တော်နဲ့ ဟံသာဝတီနိုင်ငံတော် ၇၀

၁၂။ ဟံသာဝတီဆင်ဖြူရှင်မင်း၏ အရှေ့ဘက်ဆက်ဆံရေး ၇၆

၁၃။ လက်ဝါးပြကာရတဲ့ နိုင်ငံ ၈၄


mgyoe.com

mgyoe.com

၁၄။ သုံ့ပန်းလူ သုံးသောင်းပုန်ကန် ၈၇
၁၅။ ကမ္ဘောဇသာဒီ ၉၄
၁၆။ သာသနာနဲ့ နိုင်ငံ အဓွန့်ရှည်ကြာတည်တံ့ရေး ၁၀၀
၁၇။ အရှေ့တောင်အာရှ နိုင်ငံခြားဆက်ဆံရေး ၁၀၈
၁၈။ ငါးဆူ ဒါယကာမင်း ၁၁၉
၁၉။ နှစ်ဆယ်ရာစု၏ မြန်မာနိုင်ငံက အထူးခြားဆုံးပုဂ္ဂိုလ် ၁၂၇
၂၀။ အရှင်ဇနကာဘိဝံသ ဖြစ်စဉ်ချုပ် ၁၃၁

□

mgyoe.com

mgyoe.com

# အမှာစာ

သမိုင်းသုတေသနပညာရှင်ကြီး ဒေါက်တာသန်းထွန်း (၁၉၂၃–၂၀၀၅)ရဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရေးသားခဲ့တဲ့ စာတမ်းတွေ၊ ဆောင်းပါးတွေကို စုစည်းစီစဉ် ထုတ်ဝေဖို့ သင့်တယ်လို့ မှူဆတဲ့အလျောက် သူ့ရဲ့စာမူတွေကို နှစ်အလိုက် စာစုစာရင်းတွေကတစ်ဆင့် စုံလင်နိုင်သမျှ စုံလင်အောင် စုဆောင်းခဲ့ပါတယ်။ အတော်များများရရှိပြီး တချို့လည်း ဆက်ပြီးရှာဖွေဖို့ ကျန်နေသေးတာပေါ့။

စပြီးထုတ်တော့မယ်လို့ စီစဉ်တဲ့အခါကျမှ စာမူအားလုံး ကောက်သင်း မကောက်နိုင်သေးတဲ့ ကျွန်တော်တို့ရဲ့အားနည်းချက်ကြောင့် အကြောင်းအရာ တူတွေ စုထုတ်ဖို့ မဖြစ်နိုင်သေးတာ သွားတွေ့ရပါတယ်။ မမှီတဲ့ပန်း လှမ်းချင်တယ်ပဲဆိုဆို စီစဉ်သူများရဲ့ စိတ်သဘောထားက အားလုံးပြည့်စုံမှ လုပ်ကြဖို့ဆိုရင် မလုပ်ဖြစ်ကြတာ၊ စိတ်ကူးတွေ လေထဲလွင့်သွားတာ ဖြစ်တတ်လွန်းတော့ ဒီအဆင့်မှာပဲ ဒီအလုပ်ကို နိုင်သရွေ့က စလိုက်ချင်ကြပြီ။

ဒါကြောင့် အဆင်ပြေနိုင်ဆုံးကိုစဉ်းစားတော့ နှစ်အလိုက် စာစုစာရင်းတွေကို အခြေခံပြီး နှစ်အလိုက် စာစုတွေပဲ ထုတ်လိုက်ရင် ပထမအဆင့် ဖြစ်နိုင်မယ်လို့ တွေးပါတယ်။ လုံးချင်းဖြစ်ပြီးသွားတာတွေတော့ ချန်ခဲ့ရတာ ပေါ့။ ပြီးတော့ လက်လှမ်းမမီ၊ ရှာမတွေ့သေးတာဆိုလည်း နောက်အတွဲတွေ မှာ ဖြည့်စွက်ချက်ဆိုပြီး ထပ်ထည့်ဖို့ လျာထားတယ်။ ပရုဖ်တွေအကြိမ်ကြိမ် ဖတ်ပေမယ့် မှားယွင်းသွားတာတွေလည်း ပြင်ဆင်ချက်ဆိုပြီး ထည့်ရမှာပါပဲ။

mgyoe.com

mgyoe.com

ဆရာကြီးရဲ့ သုတေသနလုပ်ငန်းတွေမှာ ပါဝင်ခဲ့သူတွေ လက်တွဲကူညီခဲ့သူတွေ၊ ဆရာကြီးရှိစဉ် ပညာအရိပ်ခိုခဲ့ရသူတွေ၊ ဆရာကြီးအကြောင်း ကျွန်တော်တို့ထက်ပိုပြီး လေးလေးနက်နက် ချဉ်းကပ်ဖြစ်သူတွေရဲ့ အကြံဉာဏ်တွေ၊ ဖြည့်စွက်ချက်တွေ၊ ကျွန်တော်တို့ကို ကူညီပံ့ပိုးရှာဖွေပေးမယ့် စာမူလက်ကျန်တွေကိုတော့ လေးလေးစားစား မွတ်မွတ်သိပ်သိပ် မျှော်လင့်ကိုးစားလျှက် ရှိပါတယ်။ နောက်ဆက်ထွက်မယ့်နှစ်အလိုက် စာစုတွေထဲမှာ ဝိုင်းပြီး ပြင်ကြဖြည့်ကြ လုပ်ပေးကြမယ်လို့လည်း ယုံကြည်ပါတယ်။ အခုထွက်သွားပြီးတာ ၂၀၀၂ စာစုပါ၊ အခု ၂၀၀၀ စာစုကို ဆက်လက်ထုတ်ဝေပါတယ်။

သုတေသနလုပ်ငန်းများ ထွန်းကားပါစေ။

သမိုင်းအချက်အလက်များ မှန်ကန်အောင် တည်ဆောက်နိုင်ပါစေ။

စိတ်ကူးချိုချို

❒

mgyoe.com

mgyoe.com



# သန်းထွန်းအကြောင်း အကိုပ်အမြွက်

၆ ဧပြီ၊ ၁၉၂၃ မှာ မွေးတဲ့ သန်းထွန်းက ရန်ကုန်တက္ကသိုလ်ကပေးတဲ့ ပထမဘွဲ့ ဝိဇ္ဇာ၊ ဒုတိယဘွဲ့ ဝိဇ္ဇာဂုဏ်ထူး (သမိုင်း)၊ တတိယဘွဲ့ မဟာဝိဇ္ဇာ (သမိုင်း)၊ စတုတ္ထဘွဲ့ ဥပဒေဝိဇ္ဇာ၊ လန်ဒန်တက္ကသိုလ်ကပေးတဲ့ Ph.D နဲ့ D.Lit များကို မြန်မာနိုင်ငံ ရှေးဟောင်းသမိုင်းနဲ့ဆိုင်တဲ့ အထောက်အထားတွေ အသုံးပြုပြီး ကျမ်းတွေ၊ စာတမ်းတွေ ပြုစုရေးသားတဲ့အတွက် ရရှိခဲ့ပါတယ်။ (ဂုဏ်ထူးဆောင်ပေးသောဘွဲ့များ မဟုတ်ပါ။)

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ အချိန်ပိုင်းနည်းပြက ကထိကအထိ တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပြီးနောက် မန္တလေးတက္ကသိုလ်မှာ သမိုင်းပါမောက္ခအဖြစ် တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပါတယ်။ စာသင်ကြားပို့ချရေးကို ပေါ့ပေါ့တန်တန် လုပ်ပြီး သုတေသနကို လေးလေးနက်နက် လုပ်ပါတယ်။ ဒါနဲ့တောင် အလုပ်မပြုတ်ဘူးလို့ အံ့ဩသူတွေ ရှိပါတယ်။

သုတေသနရောင်းရင်းအဖြစ် ကျိုတိုတက္ကသိုလ်၊ တိုကျိုနိုင်ငံခြားဘာသာသင်တက္ကသိုလ်၊ တိုကျိုခရစ်သာသနာဝင်တက္ကသိုလ်၊ မြောက် အီလီနွိုက်တက္ကသိုလ်၊ မစ်ချီဂန်တက္ကသိုလ်တွေမှာ အစုစု ရှစ်နှစ်မျှ အမှုထမ်းခဲ့ပါ

mgyoe.com

mgyoe.com

တယ်။ ခရစ်နှစ်၊ နှစ် ၂၀၀၀ မှာ ဖုကုအိုကာ ပညာရှင်ဆုကို ရခဲ့လို့ သမိုင်းသုတေသနလုပ်ငန်းကို အများကြီး ပွားများလုပ်ကိုင်ခွင့် ရခဲ့ပါတယ်။

အခု အသက် ၈၁ မှာ အိုနာကလွဲလို့ တခြား ဘာရောဂါမှမရှိ၊ ရှေးကအတိုင်း သုတေသနကို လုပ်မြဲဖြစ်ပါတယ်။ တက္ကသိုလ်တွေက ကူညီပြီး သင်ကြားပေးဖို့ ခိုင်းကြလို့ စိတ်ဆင်းရဲနေဇါတယ်။ ရှောင်နိုင်ဖို့လည်း အားပြုဆဲ ဖြစ်ပါတယ်။

ဇနီး ဒေါ်ခင်ရီ၊ သမီး မဋ္ဌုတို့နဲ့ မြန်မာနိုင်ငံ ရန်ကုန်မြို့တော် လှိုင်မြို့နယ်၊ ရပ်ကွက် ၁၁၊ ယောဂီကျောင်းလမ်း၊ အိမ်နံပါတ် ၁၅၅ (က)မှာ နေထိုင်ပါတယ်။

ကိုယ်ရှာဖွေတွေ့ရှိတဲ့ အသိသစ်ကို သူတစ်ပါးကိုလည်း အသိပေးဖို့ လိုတဲ့အတွက် စာရေးပါတယ်။ စာရေးဆရာ မဟုတ်ပါ။

သန်းထွန်း
၂၀၀၄၊ ဧပြီ၊ ၁–၁၅၊
ခေတ်ဆန်းဂျာနယ်၊ အမှတ် ၇/၀၄။

❑

mgyoe.com

mgyoe.com

# မြန်မာရှေးဟောင်း သုတေသန (မြန်မာမြေထဲသမိုင်း) ပြဿနာ

နှစ်တွေ ရာစုနှစ် ထောင်စုနှစ် ကြာသထက်ကြာတော့ အကြိုသမိုင်း (Prehistory)၊ အစသမိုင်း (Protohistory)နဲ့ သမိုင်း (History)ကို မပြောတတ်တော့ဘူး။ ဒီအခါမှာ မြေကြီးထဲမှာ မြုပ်နေတဲ့ ကျောက်လက်နက် အိုးကွဲ၊ အရိုး၊ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ၊ ပစ္စည်း အတိုအစ၊ အိုးထဲက အစားအစာ၊ သစ်စေ့၊ ဝတ်မှုန်ဝတ်ဆံဆိုတာတွေကို တူးပြီး ကောက်ယူလေ့လာရတယ်။ ဒီလို မြေမြုပ်ပစ္စည်းကို အားကိုးပြီး ဖော်ထုတ်ရလို့ မြေထဲသမိုင်း (Archaeology)ဆိုတဲ့ ပညာရပ်တစ်ခု ပေါ်ပေါက်လာတယ်။ သိပ်မကြာသေးဘူး။ နှစ် နှစ်ရာတွင်းပဲ ရှိသေးတယ်။ မြန်မာနိုင်ငံမှာတော့ ၁၈၈၁ ရောက်မှစလို့ နှစ်ပေါင်း တစ်ရာ့ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံး မြေထဲသမိုင်းအရာရှိက ၁၈၈၁ မှာ ခန့်တဲ့ ဂျာမန်လူမျိုး ဧမိလ်ဖိုခင်မာ (EMIL FORCHHAMMER) ဖြစ်ပါတယ်။ ၁၈၈၉ မှာ ဖိုခင်မာ သေဆုံးသွားပါတယ်။ သူမသေခင် ဘာတွေလုပ်သွားသလဲ ကြည့်ပါ။

**ရွှေတိဂုံဘုရား ဆိုင်ရာလေ့လာချက် ၁၈၈၃။ သုဝဏ္ဏဘူမိ ရောက် ပထမဗုဒ္ဓသာသနာပြုအကြောင်း မှတ်သားချက် ၁၈၈၄။**

mgyoe.com

mgyoe.com

**မြန်မာမြေထဲသမိုင်း ရှာဖွေရန်ပစ္စည်း စာရင်း ၁၈၉၂။ ရခိုင်ရှေးဟောင်း ဒေသ (မဟာမုနိ၊ မြို့ဟောင်း၊ လောင်းကြက်၊ မင်းပြား၊ ဉ်ရစ်တောင်၊ စစ်တွေနဲ့ သံတွဲ ၁၈၉၉။**

ဒါက မြေထဲသမိုင်းရဲ့ လုပ်ငန်းနံပါတ်တစ် ရှာဖွေခြင်း (Exploration) ဖြစ်တယ်။ ဒီနေရာတွေဟာ မြေထဲသမိုင်းဝင်တွေ ဖြစ်တယ်။ ဆက်ပြီး တူးဖော်မယ် (Excavation)၊ တူးဖော်ပြီး ပစ္စည်းကို ရက်စွဲဖော်မယ် (Dating)၊ ဘာအတွက် ဒီပစ္စည်းကို ဘယ်သူတွေက လုပ်ခဲ့ပါသလဲ (Identification)လို့ ဓာတ်ခွဲခန်း (Laboratory)၊ စာဖတ်ခန်း (Library) ပြတိုက် (Museum)တွေမှာ တူရာတူကြောင်း လှည့်လည်ရှာဖွေပြီး အဓိပ္ပာယ်ရှိအောင် ရှေးဖြစ်စဉ်ထဲက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ ဓလေ့တွေကို ရနိုင်သမျှ ဖော်ထုတ်တယ် (Research)၊ အဲဒီနောက် အသစ်ရရှိလာတဲ့ အသိပညာကို ရဟန်းရှင်လူသိနိုင်အောင် ရေးသားဖော်ထုတ် ဖြန့်ဖြူးရမယ် (Publication)၊ ကျောက်စာတွေရှိလာတော့ ဒါတွေဟာ ခေတ်ပြိုင်မှတ်တမ်း (Contemporary Records)တွေ ဖြစ်လို့ သိပ်အဖိုးတန်တယ်။ ဒီသုတေသန အခန်းကဏ္ဍကို ရှေးစာ (Epigraphy) လေ့လာရေးလို့ ခေါ်မယ်။ ကျောက်စာကိုဖတ်ပြီး အဓိပ္ပာယ်ဖော်နိုင်မယ် (Decipher)ဆိုရင် သိပ်ကျေးဇူးရှိတယ်။ ကျောက်စာမှာ လိုချင်တာအကုန်ပါမယ် မဟုတ်ပေမဲ့ ပါသလောက်ကိုပဲ တန်ဖိုးထားပြီး လေ့လာရပါတယ်။ အဲဒါတွေအပြင် ရှေးပစ္စည်း (အထူးသဖြင့်) အဆောက်အအုံ (Monuments)တွေမှာ ဟောင်းနွမ်းပျက်စီးတာ သဘာဝဆိုပေမဲ့ တတ်နိုင်သလောက် ကယ်ဆယ်ဖို့ (Preservation)လိုတယ်။ သူ့အိုသူနာကို ချက်ချင်းမသေအောင် ဆေးကုတဲ့သဘောပဲပေါ့။ နံရံဆေးရေး ပန်းချီလိုဟာမျိုးကို ဓာတ်ပစ္စည်းသုံးပြီး ကြေးချွတ်တာမျိုး (Conservation) လုပ်ရပါတယ်။ အခုခေတ် သိပ္ပံပညာ ထွန်းကားတော့ နောက်ဆုံးပေါ်နည်းပညာတွေ သုံးပြီး ဒီကိစ္စကို ဆောင်ရွက်တဲ့အခါ သိသိသာသာ အကျိုးရှိတာကို တွေ့ရပါတယ်။ စေတီကို ရှေးမူမပျက် ပြန်ဖော် (Restoration) ရင် ပင်ပန်းသလောက် အရာရောက် အသုံးဝင်လို့ ကျေနပ်စရာ တွေ့ရမယ်။ အပျက်ကို ပြင်လိုက်လို့ သုံးမရတော့ဘူးလို့ မဖြစ်စေရ။ မူရင်းကို မမှတ်မိ

mgyoe.com

mgyoe.com


နိုင်လောက်အောင် အဆမတန် သားနားတောက်ပသွားမှာကို စိုးရိမ်ရပါတယ်။

မြေထဲသမိုင်း (Archaeology)မှာ အသစ်ပြင် (Repair)တာကို လက်မခံပါ။ ရှေးမူမပျက် ပြန်ဖော် (Restoration)တာကိုပဲ လက်ခံတယ်။ ကိုးကွယ်ယုံကြည်မှု အတွေးအခေါ်ဘက်က ဒီလိုပြောတာကို မကြိုက်၊ ဒီလိုဆောင်ရွက်တာကိုလည်း ရှုတ်ချပါသေးတယ်။ ဥပမာ–စေတီကြီး တစ်ဆူ ပြိုပျက်ပြီး ချုံတွေဖုံးနေမယ်။ တောရှင်း၊ ချုံခုတ်၊ ဖရိုဖရဲဖြစ်နေတဲ့ အုတ်တွေရှင်း၊ ပြီးတော့ ဆက်မပြိုအောင် နည်းမျိုးစုံ ကြံဆပြီး ထိန်းပေးပါ။ အဲဒီအခါမှာ ရှေးဟောင်းပုံစံနဲ့ ဟန်ကို မထိခိုက်စေရဆိုတဲ့အချက်ကို သိပ်သတိထားပြီး လိုက်နာရမယ်။ အဲဒီအခါ ဂေါပကနဲ့ ညှိမရနိုင်အောင် ပြဿနာတွေ့နိုင်ပါတယ်။

ဂေါပက (Pagoda Trustees)ရယ်လို့ ရှေးက မရှိပါ။ ကျောင်း ဘုရား သာသနာငါးထောင်တည်အောင် အလှူရှင်တွေက မြေနဲ့ ကျွန်လှူတယ်။ မြေကရတဲ့ အခွန်အခနဲ့ ကျောင်းဘုရားပျက်ရင် ဆိုင်ရာသံဃာ အကြီးအကဲက ကြီးကြပ်ပြီး ပြုပြင်စေတယ်။ ပဋ္ဌဝေဒလို့ ခေါ်ရမယ်ထင်ပါတယ်။ သဒ္ဓါကြည်ညိုလို့ မူလထက် အဆမတန်သာအောင် လုပ်ချင်လုပ်မယ်။ မတားနဲ့ဆိုတဲ့ သဘောဝင်လာတယ်။ အဲဒါမျိုးကို မြေထဲသမိုင်း (Archaeology)အမြင်နဲ့ တားချင်ပါတယ်။ ကိုလိုနီခေတ်မှာ ဗုဒ္ဓဝေယျာဝစ္စ ဆောင်ရွက်သူတွေကို စာရင်းအင်းနဲ့ ဘုရားငွေကို သုံးပါ။ ဆိုင်ရာ နယ်ရှင် (အစိုးရအမှုထမ်းထဲက မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်)နဲ့ ညှိပြီး ပြုပြင်တာတွေ လုပ်ပါလို့ ဥပဒေလုပ်တယ်။ သိပ်မကြိုက်ပါ။

ဒါမှမဟုတ်ရင်လည်း မြေထဲသမိုင်းသမားက သစ္စာဖောက်ပြီး (ကိုယ့်ဆိုင်ရာ လေးစားလိုက်နာရမယ့် ထုံးနည်း ဥပဒေတွေကို ပစ်ပယ်ပြီး) သူဌေးကြီးအလှူကို သာဓုအနုမောဒနာပြုမယ်။ အမွေဝေတာကို ယူမယ်ဆိုရင် ထိန်းသိမ်းခြင်း ဥပဒေကို သစ္စာဖောက်တယ်၊ ချိုးဖျက်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေအရ ဆည်ကြီးဆောက်မယ်။ မြစ်ကူး တံတားကြီး သွယ်တန်းမယ်။ နိုင်ငံတကာ လေဆိပ်ကြီးလုပ်မယ်။

mgyoe.com

mgyoe.com


ဘုရားသော်မှ ပရိနိဗ္ဗာန်စံရသေးတယ်ဆိုတဲ့သဘော ဆိုက်ရောက်ပါတော့တယ်။ ဒီလိုအခါမျိုးမှာ စိမ်ကိန်းဘက်က အနိုင်ရပါတယ်။ ကယ်တင်ခြင်း (Salvage Archaeology)လုပ်တာ မတွေ့ဖူးပါ။ အဲဒါ လုပ်သင့်ပါတယ်လို့ နှိုးဆော်လိုပါတယ်။

ရှေးဟောင်းပစ္စည်း ခိုးရောင်းတာ၊ ရှေးဟောင်းပစ္စည်း အတုလုပ်ပြီး ညာရောင်းတာတွေကိုလည်း နိုင်အောင် ပိတ်သင့်ပါတယ်။ ပုဂံကျောက်စာ အတုထိုးသလို ရှေးဗိသုကာပန္နက်ပုံ အတုလုပ်ထားတာကိုလည်း သတိထားပြီး ရှောင်သင့်ပါတယ်။ ပညာရှင်အတုတွေကိုလည်း ရှောင်ကြဉ်သင့်တယ်။

ဇန်နဝါရီ၊ ၂၀၀၀၊
အတွေးအမြင်။

❒

mgyoe.com

mgyoe.com

## နှစ်ဆယ့်တစ်ရာစုနှစ် မြန်မာ့အလားအလာ

သက္ကရာဇ် ၆၄၇ (၂၇ မတ်၊ ၁၂၈၆ ခု)၊ မြိက်
သိုဝ်နှစ်။ ပြည် အနောက်ဖက် လှည်ကျွ
န္ဒိက် မင်ကြီ နိယ်တဝ်မူ၏။ အနန္တ
ပိစည် မဟာပိုဝ် ကိုဝ် နင်တိုဝ်
တရုတ်၏ အလာ အလာကို သိ
သြင်မူလိယ်ဟု စိယ်တ်မူ၏
အနန္တပိစည် မဟာပိုဝ် ဆိုဝ်၏။ ဤ
အမှုကား ကြီစွာ။ တုမ်ဘပဲလေ လွှတ်ရ
သည် မဟိ။ သုဝဏ္ဏလိပ် ပ္လြအံသည် သူ
လေ မဟိ။ သျှင်ဒိသာပြာမုတ်တေ ပါမူ
ကာ အမှုဆောင်နိုင်အံ့။ ဤသိုဝ်ဟု ပန်
ရကာ။ ငါ ကိုဝ် ခဝ်ရုယ် မင်ကြီ ဤအမှု
နှင်၏။ (ပုံ ၂၇၁ ၁–၆၊ ငြိမ်း ၃၊ ၁၉၈၃၊ ၁၄၁)

မွန်ဂိုကျူးကျော်စစ် ရောက်တဲ့အခါ တရုတ်ပြေးမင်းက ပုဂံက ထွက်လာပြီး ပြေမြို့(ပြည်) (သရေခေတ္တရာ) အနောက်ဘက် လှည်းကျမှာ ရှောင်တိမ်းနေရတဲ့အခါ အမတ်ကြီး အနန္တပိစည်နဲ့ မဟာပိုဝ်ကိုခေါ်ပြီး တရုတ်အလားအလာကို သွားကြည့်စမ်းလို့ ခိုင်းတယ်။ သူတို့က မသွား။ ရှင်ဘုရင်

mgyoe.com

အမျက်တော်မရှအောင် အချက်လေးချက် တင်ပြတယ်။
၁။ ဒီကိစ္စက သိပ်ကြီးကျယ်တဲ့ကိစ္စ ဖြစ်တယ်။
၂။ နှစ်ဦးနှစ်ဖက် ကျေနပ်အောင် ကြားက အောင်သွယ်လုပ်ပေးမယ့် ပုဂ္ဂိုလ်လည်း မရှိဘူး။
၃။ ကူဗလိုင်ခန်မင်းကြီး ကျေနပ်လက်ခံနိုင်အောင် ရွှေပေမှာ ရွှေစာရေးသားစီကုံးနိုင်တဲ့ ပုဂ္ဂိုလ်လည်းမရှိဘူး။
၄။ ရှင်ဒိသာပါမောက္ခကိုခိုင်းရင် ဖြစ်နိုင်တယ်။
သူတို့က ဒီလိုချောက်တွန်းလို့ ရှင်ဘုရင်ခေါ်ပြီး ခိုင်းပါတယ်။
အလားအလာဆိုတာကို ဘာလဲမေးရင် –
၁။ ရန်သူအင်အား ဘယ်လောက်ရှိသလဲ။
၂။ ခန့်ညား ရှိသေလောက်တဲ့ လက်နက်ဘာပါသလဲ။
၃။ ဘာကိုလိုချင်လို့ သူတို့က တပ်ကြီးချီပြီး လာတာလဲ။
၄။ လိုချင်တာပေးရင် ပြန်မှာလား၊ ဆက်နေချင်တာလား။
၅။ ငါ့ကိုဖမ်းဖို့ ပြေ (ပြည်)ထိအောင် လိုက်လာမလား။ ငါလည်း ပြေ့(ပြည့်)အောက် ပင်လယ်ဝတော့ မသွားရဲဘူး။ အနောက်ရိုးမကိုပဲ တက်ရမယ်။ တောင်ပေါ်ထိအောင် လိုက်မှာလား။
၆။ ဒီမှာရောက်နေတဲ့ စစ်သူကြီးနဲ့ မပြီးဘူး။ ကေရာဇ်ထိအောင် တက်ရမှာလား
၇။ ကေရာဇ်ကို ကျအောင်ပြောနိုင်ပါ့မလား။
ပြီးပြီ၊ ဒါတွေကို မဆက်နဲ့တော့ ရှေ့ကိုပဲပြောကြစို့။
ခရစ်နှစ် ၂၀၀၄ အခြေအနေကို (၁) ကွက်ကွက်ကွင်းကွင်း မြင်အောင်၊ (၂) အကြောင်းအကျိုး ဆက်စပ်ပြီးပြောတာ ဖြစ်နိုင်စရာရှိတယ်လို့ ထင်အောင်၊ (၃) အပျင်းလည်းပြေအောင် ရေးပြသွားတဲ့ ပုဂ္ဂိုလ်က ဝဲလ် (H.G. Well)ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ် မဖြစ်မီက မြန်မာနိုင်ငံကို အလည်လာရင်း မန္တလေးကိုရောက်တော့ မန္တလေးစာရေးဆရာတွေနဲ့ ဆုံတယ်။ သူက စာရေးသူဖြစ်တယ်။ ကြိုးစားရေးလို့ စာအုပ်သုံးဆယ်ကျော်လောက် ရေးဖြစ်ပါတယ်ပြောတော့ မြမျိုးလွင်က သူရေးတာ သုံးရာကျော်နေပြီလို့ အပြတ်ပြောပြီး အနိုင်ယူလိုက်တာကို ခံရတဲ့လူပါ။ ငါတို့က

mgyoe.com


ဗိုလ်အောင်ကျော် (၂၂ ဒီဇင်ဘာ၊ ၁၉၃၈ ကွယ်လွန်) ကျဆုံးပြီး နောက်တစ်နှစ် ဩဂုတ် ၁၉၃၉ မှ တက္ကသိုလ်ရောက်တော့ အင်္ဂလိပ်သင်တန်းမှာ ဝဲလ် (Well)ရေးတဲ့ အချိန်ယန္တရား (Time Machine)ဝတ္ထုကို သင်ရတယ်။ သူ ရေးပုံရေးနည်း ကောင်းလွန်းလို့ ရေးတဲ့စာအုပ် အကုန်ဖတ်မယ်။ ဘာများလို့လဲ သုံးဆယ်ကျော်ပဲရှိတာ။ ဖတ်မိတော့ သူ့ကို အံ့သြတယ်။ မြမျိုးလွင်ကိုလည်း အံ့သြတယ်။ သူရေးတဲ့စာအုပ်တွေလည်း ဝယ်ပြီးသိမ်းတယ်။ အနှစ်ခြောက်ဆယ်ဆိုတော့ ဝါပြီး၊ ဆွေးစပြုပြီ။ ခရစ်နှစ် ၂၀၀၄ မှာ စာအုပ်စင်က စာအုပ်ကို ဆွဲထုတ်လိုက်ရင် တစ်အုပ်လုံးဆွေးပြီး ကြွေကျလေမလား စိုးရိမ်ရတယ်။ အနာဂတ်အကြောင်း သူပြောပုံကိုတော့ မှတ်မိတယ်ထင်တယ်။

၁။ သွေးစုပ်တဲ့လူတန်းစားနဲ့ သွေးစုပ်ခံ လူတန်းစား သိသိသာသာကြီး ကွဲသွားပြီး သွေးစုပ်တွေက မြေပေါ်မှာ တိုက်မြင့်၊ လမ်းကျယ်နဲ့ သာယာဥယျာဉ်မှာ နေတယ်။ သွေးစုပ်ခံတွေက စက်တွေနဲ့ မြေအောက်မှာ နေရတယ်။ ခိုင်းတာပဲလုပ်တတ်တယ်။ မည်းမည်းကွကွ၊ မျက်လုံးပြူးပြူး ဖီးကွက်လို ညမြင်တဲ့ သတ္တဝါဖြစ်သွားတယ်။

၂။ မြေပေါ်မှာလည်း မီးမထွန်း၊ မြေအောက်မှာလည်း မီးမထွန်း၊ မြေပေါ်သားတွေက မှောင်ရင် သိပ်ကြောက်လို့ အုပ်စုလိုက်ဖွဲ့နေရတယ်။ ဘာပြုလို့လဲဆိုတော့ မြေအောက်သားတွေက တက်လာပြီး သူတို့တွေကို လစ်ရင်လစ်သလို ဖမ်းပြီးစားပစ်လို့ ဖြစ်တယ်။

၃။ မြေပေါ်မှာ ဧရာမတိုက်ကြီးတွေ၊ ခန်းမကြီးတွေ၊ တံခါးပေါက်ကြီးတွေ များများနဲ့ စာကြည့်တိုက်၊ ပြတိုက်၊ စာသင်ဆောင်၊ ဟောပြောဆွေးနွေးခန်း၊ ဓာတ်စမ်းရုံ၊ စာအုပ် စာတမ်း ပစ္စည်းကိရိယာအပြည့်၊ ဘာတစ်ခုမှ သုံးမရ။ ပြုတ်ပြတ်ကြေမွ၊ မနှမြောတတ်၊ လူတွေ ပေါသလောက်အရည်အသွေးလည်း ညံ့တယ်။

၄။ မြေပေါ်လူတွေ ဘယ်ဘဝရောက်နေသလဲ။ သိပ္ပံပညာ သိပ်ထွန်းကား အောင်မြင်လို့ လူတွေ ညံ့သွားတာ။ Rice Cooker ထမင်းချက်အိုးပေါ်လာတော့ လူတွေ မီးမမွေးတတ်တော့ဘူး။ ချုံစပ်တိုးပြီး တောမထိုင်တတ်တော့ဘူး။ ဒီကမ္ဘာမှာ စက္ကူပျော့ (Tissue Paper)မရှိရင် ဘဝရပ်

mgyoe.com

mgyoe.com


တည်ရေး မခိုင်တော့ဘူးထင်တယ်။ အားလုံး ကလေးတွေလိုပဲ ဘာမျှ မလုပ်တတ်၊ မကိုင်တတ်။ ရယ်ကြမယ်၊ ပျော်ကြမယ်၊ အဖို၊ အမ တွဲမယ်၊ အိပ်မယ်၊ စားမယ် ဘာမျှလေးလေးနက်နက် မစဉ်းစား။ စားစရာ အသင့်။ ဘာမှ အားမစိုက်ဘဲ နေ့တွေ၊ ရက်တွေ အဆုံးခံတယ်။ ဆေးဝါးမလို။ ဒီကောင်တွေ မဖျင်းရင် ဘယ်ကောင်မျိုးဖျင်းမလဲ။ ဘာမျှမလုပ်ရတော့ အထီး၊ အမတောင် ခွဲမရဘူး။ ပျော့ပျော့နွဲ့နွဲ့၊ ခုန်ပေါက်ပြေးလွှားလိုက်၊ ရယ်မောလိုက်၊ နောက်လိုက်တွေ တရုံးရုံး၊ ခေါင်းဆောင် မရှိ၊ မြင်ပြီမဟုတ်လား။ အခု ကောင်ငယ်၊ ကောင်မငယ်တွေ 'နည်းမမီ စံမရ'ဝံပုလွေနဲ့တွေ့ရင် သိုးတွေပါ သေဖို့ပဲ။ ပြောရင် လေကုန်တယ်။ တစ်မျိုးလုံး၊ တစ်မြို့လုံး သေရုံကလွဲလို့ ဘာမှမလုပ်တတ်။

တော်ပါပြီ။ ဝဲလ် (၁၈၆၆–၁၉၄၆)က ၁၉၀၄ ခုမှာ ၂၀၀၄ ခုထိ နှစ်တစ်ရာကြိုပြီး ဟောကိန်းကို မြင်ကြ၊ ကြားကြ၊ ဖတ်ရပြီမဟုတ်လား။ ဘယ်လောက်မှန်လို့ ဘယ်လောက်မှားသလဲ၊ အံ့သြစရာကောင်းတာက မှန်တာများတယ်။ အင်္ဂလိပ်က စောစောက သွေးစုပ်တယ်။ နောက်သိပ်ကျပြီး အင်ပါယာကြီး ပြိုကွဲတော့မယ့် အခြေအနေရောက်တော့တောင် 'British Empire hastily becomes a Commonwealth when England has nothing to share.' အင်္ဂလန်လည်း ချွတ်ခြုံကျရော အင်ပါယာဟာ ဓနသဟာရကို ကမန်းကတန်း ကြေညာပါရော"ဆိုတဲ့ စကားလို အင်္ဂလန်ငုတ်သွားတာ အနှစ်ငါးဆယ်ရှိပြီ။ နောက်ထပ် နလံထူဦးမလား၊ ဆေးသေးတယ်။ သူများအကြောင်း တော်ပါပြီ။ မြန်မာအကြောင်း ဆက်ကြစို့။

နောက်ခြေကို အားပြုပြီး ရှေ့ခြေလှမ်းတာ ဒါလူတိုင်းသိတယ် မဟုတ်လား။ တို့နောက်ခြေကို ကြည့်ပါ။ "ဝမ်းမြောက်ဝမ်းသာ မရှိရာ"။ ပြည်ရေးပြည်ရာကို ပြောတဲ့အခါ လေးပိုင်းခွဲပြောရင် ကောင်းမယ်။ ပထမ လူမှုရေးကို ပြောရမယ်။ လူတွေ ကိုယ်ကျင့်တရား သိပ်ပျက်လာရင် "အလားအလာ" ဘယ်ကောင်းမလဲ။ ဆိုလိုတာက လူတိုင်း သတိထားပြီး မခိုးနဲ့၊ မသတ်နဲ့၊ ကာမ မကျူးနဲ့၊ မလိမ်နဲ့၊ မမူးနဲ့။ ဒါတွေကို မလေးစားဘဲ သင့်သလိုပြောပြီး ကိုယ့်အတွက် အမြတ်ရှာ။ သတ်စရာရှိလည်း သတ်မယ်၊ ခိုးစရာအကွက် လိုက်ရှာပြီး ခိုးမယ်ဆိုတဲ့လူပဲ များနေရင်၊ အခြေခံတရား

mgyoe.com

mgyoe.com

သိပ်ပျက်နေရင် ရှေ့ဆက်ပြီး ဘယ်လိုကောင်းမလဲ။ စီးပွားရေးကို ကြည့်ပါ။ ပြောစရာလိုသေးသလား။ ဂျော့အော်ဝဲလ် George Orwell နဲ့ ၁၉၈၄ ကို ဆန့်ထုတ်။ ၁၉၉၄ ဘယ်လိုလဲ၊ ၂၀၀၄ ဘယ်လိုလဲဆိုတာ စစ်ကြည့် ပေါ့။ နောက်ဓလေ့သမိုင်းကို ကြည့်ပါဦး။ လူ၊ ဘုန်းကြီး ဟိရိဩတ္တပ္ပကို ဘယ်လိုနားလည်ကြသလဲ၊ မကောင်းမှုကို လုပ်ဖို့ ရှက်တယ်၊ ကြောက်တယ်ဆိုမှ မှန်တယ်။ တလွဲသွားရှက်နေရင်၊ ကြောက်နေရင် ရလဒ်က မှားမှာပဲ။ ရိုးရိုးလွယ်လွယ် စဉ်းစားရင် ဆုတ်ဆိပ်ဆိုတာ ဘာလဲလို့ အဖြေ ထွက်မယ်။ အားလုံးကောင်းပါခင်ဗျား ဆိုတိုင်း ကောင်းရမှာလား။ လူငယ့် အရေးကိုလည်း အသေးစိတ် စစ်ဆေးပြီး အဖြေရှာရမယ်။ အဲဒီလို လုပ်နိုင် ဖို့ စာရင်းဇယားလိုတယ်။ ဂျပန်ခေတ်ကလူငယ်တွေက "ခုလူငယ်ဟာ နောင် ခေါင်းဆောင်ဖြစ်မယ်"လို့ သီချင်းအော်ဆိုခဲ့ကြတယ်။

၁၉၁၀ ကမွေးတဲ့ လူဟာ ၁၉၄၀ မှာ အကြီးအကဲဖြစ်ပြီ၊ ၁၉၂၀ မှာ မွေးတဲ့လူဟာ ၁၉၆၀ မှာ အကြီးအကဲဖြစ်ပြီ။ သူတို့တွေကိုပဲ လမ်းခရီး မှတ်တိုင် (Milestone)ထားပြီး တိုးတက်သလား၊ ဆုတ်ယုတ်သလား ဆိုတာကို အကဲဖြတ်ပါ။ ရှေ့အလားအလာကို တွက်ပါ။ လူတစ်ဦးချင်း ချွန်ထွက်တာထက် ပတ်လည်မြင့်တက်ဖို့ ပိုအရေးကြီးတယ်။ အဲဒီလို စစ်ဆေးပြီး ရလဒ်ကို တင်ပြချင်ပါတယ်။ သမိုင်းနည်း (Historical Method) နဲ့ ၂၀ ရာစုကို ဆယ်နှစ်စီ ၁၉၀၀–၁၉၀၉၊ ၁၉၁၀–၁၉၁၉၊ ၁၉၂၀–၁၉၂၉ ဆိုသလို ဆယ်စု (Decade)စီ စုပြီး ဒီဆယ်စုနှစ်အတွင်းမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဓလေ့ဆိုတာတွေကို ချပြီး ရေးကြည့်။ အဲဒီမှာ ရတဲ့အချက်အလက်ဟာ အကြောင်း (Cause)ပဲ။ နောက် ဒါကို အမှီပြုပြီး ဖြစ်လာမှာက ရလဒ် (Result)ဖြစ်တယ်။ ဒါဆိုရင် ရှေ့ကို ဘာဖြစ်မယ် ဆိုတာ ပြောလို့ရပြီပေါ့။

ဇန်နဝါရီ၊ ၂၀၀၀၊

တေးကဗျာ။

❒

mgyoe.com

mgyoe.com

# ဖြန့်ထွက်တွေးခြင်း (၁၉၉၇)

ကျွန်တော် မုံရွေးက တောသားပါခင်ဗျလို့ ပြောတဲ့လူ (ရယ် ၁၁၆)၊ အောင်ဘရားသား စာအုပ်ဆိုင် ဒေါ်ခင်အောင်က မောင်သန့်လွင် (ရယ် ၁၂၄)လို့ အခေါ်ခံရတဲ့လူ ဒေါက်တာဘညွန့် အရိုးကုသမားတော်ကြီးက တပည့်သန့်လွင် (ဖြန့် ၁၃၀)လို့ အခေါ်ခံရတဲ့လူ၊ ယောက္ခမအရာရှိကြီး (ရယ်ရ)အိမ်မှာတက်နေတော့ မျက်နှာငယ်ပေမဲ့ အိမ်လခသက်သာတာပေါ့ (ရယ် ၁၃၃) လို့ ပြောတဲ့လူ။ အော်ရီဂျင်နယ်အတွေး ကျွန်တော့်မှာ မရှိပါ။ (ရယ် ၁၁၂)လို့ ပြောတဲ့လူ။ ရယ်စရာမဂ္ဂဇင်းဖတ်တဲ့ အေးမြင့်ကြည် (ရယ် ၁၅)ရဲ့လင်၊ တို့ပြန်လက်ထပ်ရအောင်လို့ ပြောတဲ့အခါ ဘာမှပြန်မပြောတဲ့ အေးမြင့်ခင် (ရယ် ၉၉၊ ၁၃၂)ရဲ့လင်၊ သာထက်အောင် (ရယ် ၁၁၊ ၁၁၃)နဲ့ မြတ်သန့်ထွန်း (ဖြန့် ၉၃)တို့အဖေ၊ အံ့မောင် (ဖြန့် ၈၃)နဲ့ ဝင်းမောင် (ရယ် ၁၉)တို့တပည့်၊ ပြောစရာရှိလို့ စာရေးတဲ့လူ (ဖြန့် ၁၈)၊ သူ့အမေက "မင်းဟာက တောင်ရောက်မြောက်ရောက်ကွယ်" (ရယ် ၁၃၄–၁၃၅)လို့ အပြောခံရတဲ့ စာရေးသူ (ရယ် ၁၀၅)ကိုတာရဲ့ ဖြန့်ထွက်ခြင်း စာအုပ်ကို ဖတ်မိတယ်။ ပုဂံခေတ် ကျောက်စာတွေထဲက –

သိစပ်မြင်နှမ္ဘ (ပုံ ၇၃^၆၊ ၁၅ ဒီဇင်ဘာ ၁၂၂၃)

mgyoe.com

သိစပ်မြင်နှံမ် (ပုံ ၁၉၄[၆]၊ ၂၈ မေ ၁၂၆၀)နဲ့

သိစပ်မြင်စပ် (ပုံ ၁၄၀၁[၃၂]၊ ၁၅ ဧပြီ ၁၂၄၂)ကို သတိရမိတယ်။ အဲဒီ သိစပ်မြင်နှံ့ဟာ အခုပြောနေကြတဲ့ သိမြင်နှံ့စပ်ထက်ပိုပြီး အဓိပ္ပာယ်နက်နဲပြည့်စုံတယ်။ အမှန်က သဗ္ဗညုတဉာဏ်ကို မြန်မာဘာသာပြန်တဲ့ စကားစု (Phrase)ဖြစ်တယ်။ သဗ္ဗညုတဉာဏ် (Omniscience)ကို နောက်ပုဂံခေတ်ကျောက်စာတစ်ခုက –

<u>ရံမက် ၁၅၀၀ မှ ကင်ရယ်သစ္စတြာ ၄ ပါပွင့်သော</u> (ပုံ ၁၇၅ [၂၇-၂၀] ၂၉ အောက်တိုဘာ ၁၂၃၂)လို့ အဓိပ္ပာယ်ဖွင့်ဆိုတယ်။ အဲဒီ သိစပ်မြင်နှမ့်ကို အင်္ဂလိပ်ဘာသာနဲ့ Know Wide See Deep (Luce "Burmas Dels to Pagan" JBRS XXII, iii, Dec 1932. 126) လို့ ဘာသာပြန်ခဲ့ကြတယ်။ ဖြန့်ထွက်၊ ဖောက်ထွက်တွေးနည်း (Lateral Thinking)ဟာလည်း ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ နင်းကြည့်၊ စီးကြည့်၊ လှန်ကြည့်၊ မှောက်ကြည့်၊ ဖျက်ကြည့်၊ ဆောက်ကြည့်၊ ဆက်စပ်ကြည့်ပဲ မဟုတ်လား။ အရှုးလွယ်အိတ် (ဖြန့် ၁၉)ဆိုတာလည်း ဟုတ်မှာပါ။ အရူးက တွေ့တာဆွဲထည့်မယ်၊ ဟိုဟာနည်းနည်း ဒီဟာနည်းနည်း အသုံးမကျတာက ခပ်များများဖြစ်မယ်ပေါ့။

ပြောင်းပြန်စဉ်းစား (ဖြန့် ၂၇) ဒါမျိုးလည်း အင်မတန် အသုံးတည့်တဲ့ နည်းတစ်ခုဖြစ်တယ်လို့ ထောက်ခံပါတယ်။ တက္ကသိုလ်ပညာရေးမှာ ဒေါက်တာမောင်ဖြူး ပြောခဲ့ဖူးသလို "သေသွားတဲ့ကျောင်းသားတစ်ယောက်ပါ ထည့်ပြီး အအောင်ပေးမိလို့ တို့စာမေးပွဲက တစ်ရာသွင်းရင် တစ်ရာ့တစ်ယောက် အောင်တယ်"ဆိုတာကို ကျွန်တော်က ဖြည့်စွက်ပြီး "မင်းတို့တော်လို့ စာမေးပွဲအောင်တာမဟုတ်ဘူး၊ ငါ အအောင်ပေးလို့ အောင်တာ၊ အဲဒါရဲ့ ရလဒ် ပြောပါဆိုရင်တော့ လူ့တစ်ဆက် (One Generation အနှစ်နှစ်ဆယ်) နှစ်ပြန် အနှစ်လေးဆယ်လောက်ကြာတော့ ဒီအချောင်အောင်တွေ တက္ကသိုလ်မှာ ပါမောက္ခဖြစ်လာကုန်ပြီ" ဒီလိုစဉ်းစားလို့ရသလို ပဒိုလိုလည်း စဉ်းစားတယ်။ ထောင့်စုံအောင် (ဖြန့် ၅၄) တွေးတာပဲပေါ့။ ဒါပေမဲ့ ပြောင်းပြန်တွေးတိုင်း၊ အဖြေမထွက်ပါ။ ပြဿနာတစ်ခုတွေ့ရင် ကိုယ်တိုင်တရားသူကြီး လုပ်ကြည့်ပါ။ တရားလိုပြောတာလည်း နားထောင်ပါ၊

mgyoe.com

တရားခံပြောတာလည်း နားထောင်ပါ။ တရားလိုသက်သေကိုလည်း မေးပါ၊ တရားခံ သက်သေကိုလည်း မေးပါ။ ရဲပြောတာလည်း စစ်ဆေးပါ။ မှုခင်းဖြစ်ပွားရာနေရာကိုလည်း သွားကြည့်ပါ။ အကြောင်းအရာတစ်ခုတည်းကို လူငါးယောက်ပြောရင် စကားငါးမျိုးထွက်မယ်၊ ဘယ်ဟာကို အခြေခံပြီး ကောက်ချက်ဖြတ်စာရေးမလဲ၊ အဲဒါက အမှန်ကိုဖော်ထုတ်ဖို့ ကြိုးစားတာဖြစ်တယ်။ ဖြန့်ထွက်တွေးခြင်း စာအုပ်တစ်အုပ်လုံးကို ဖတ်မိတဲ့ အခါကျတော့ ကိုတာက လက်ရှိအခြေအနေမှာ ကိုယ်က ဦးစီးမိဖို့ ပြောနေတာ၊ ရန်သူလား၊ မိတ်ဆွေလား အရင်မမေးဘဲ ပစ်ပြီးမှမေးတာ Shoot And ask ဖြစ်နေတယ်။ အခက်အခဲက လွန်မြောက်ဖို့ပြောနေတာ မဟုတ်ဘူးလို့ တွေ့ရပါတယ်။

တစ်ဆင့်ပြီးတစ်ဆင့် တွေးတာကို ဒေါင်လိုက်တွေး (Vertical Thinking ဖြန့် ၄၀)လို့ ခေါ်တယ်လို့ ပြောပါတယ်။ ရှေးမြန်မာတွေ ပြောလေ့ရှိတဲ့ နယ်မြေလေးရပ် ရှစ်ရပ်အတွင်း အခြေအနေ လေ့လာတာလို့ ပြောရင်ကော မရဘူးလား။ ဦးတည်ချက် အမျိုးမျိုးနဲ့ ကွဲဆခြင်း Divergent Thinking)ပေါ့ဗျာ။ အခြေအနေတူရင် အဖြစ်အပျက်လည်း တူတတ်တာပဲဆိုတဲ့ (Convergent Thinking ဖြန့် ၄၉)သဘောမျိုးလည်း ရပါတယ်။ ထွက်ကုန်ပစ္စည်းကောင်းလို့ လုပ်ခပိုပေးရတယ်၊ လုပ်ခကြီးလို့ ပစ္စည်းဈေးကြီးတယ်ဆိုတဲ့ မလိုလားအပ်တာတွေ ဝိုင်းဝိုင်းလည်တဲ့ (Vicions Circle)သဘောကို မဆိုလိုပါ (ဖြန့် ၆၄)။ တက္ကသိုလ်ကောလိပ်တွေက 'အလုံအလောက်' သိပ္ပံပညာရှင် မွေးထုတ်ဖို့ (ဖြန့် ၇၇) ကတော့ မဖြစ်နိုင်ပါ။ လူဟာ သင်ရင်တတ်ပါတယ်ဆိုပေမဲ့ လူတိုင်းဟာ သင်ပေးတိုင်း မတတ်ပါ။ ပညာရှင်ဆိုတာ ပါရမီကို အခြေခံတယ်။ ဘုရား အလုံအလောက် ပွင့်ပေးပါလို့ တောင်းနေတာမျိုး ဖြစ်နေပြီ။ 'ယခု ကောလိပ်ကျောင်းသားကြီးများ တော်တော်တတ်လျှင် ဒီပြည်ကြီး တော်တော်ကောင်းမှာပဲ' (ဖြန့် ၇၈)ဆိုတဲ့ အတွေးကိုလည်း ဆက်မတွေးပါနဲ့။ အတွေးဟာ ရပ်မှ၊ ဖြတ်မှကောင်းမယ်လို့ ကျွန်တော်ထင်တယ်။ လူတကာဟာ ဖြုန်းခနဲ ပေါ်လာတဲ့ အခြေအနေမှာ ချက်ချင်းပေါက်လာတဲ့ အဖြေ (Reflection)ကိုပဲ သုံးပြီး လက်တွေ့ကိစ္စကိုရှင်း (Face the Reality ဖြန့် ၇၂)တတ်ကြပါ

mgyoe.com

တယ်။

ဘိုးတော်ဘုရား (ပဒုံမင်း ၁၇၈၂–၁၈၁၉) အယူဝါဒနဲ့ နိဂုံးချုပ်ပါရစေ။ ဘိုးတော်ဘုရား အယူဝါဒဆိုပြီး ပုံမနှိပ်ရသေးတဲ့ ပုရပိုက်စာမူ (လက်ရေးကူး)တစ်ခု ရန်ကုန်ရှေးဟောင်း သုတေသနရုံးမှာ ရှိတယ်။ အရေးပါတဲ့ အချက် ခြောက်ချက်ကို ဖော်ပြပါမယ်။

(၁) လောကစည်းစိမ်ကိုစွန့်ပြီး တောထွက်တဲ့လူဟာ ဘယ်သူ့ဆီမှ ခွင့်တောင်းဖို့မလို၊ ဘယ်သူနဲ့မှ တိုင်ပင်ဖို့မလို၊ သိမ်ဝင်ပြီး ရဟန်းခံဖို့မလို။

(၂) ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ စောင့်တယ်ဆိုတာ ကိုယ်တိုင်ဆုံးဖြတ်ချက်ပဲ ဖြစ်တယ်။ သီလတောင်းတယ်၊ သီလပေးတယ် လုပ်မနေနဲ့။

(၃) ဘုန်းကြီးမှာ ပစ္စည်း ၄ ပါး၊ ပရိက္ခရာ ၈ ပါးပဲ ရှိတယ်။ ကျောင်းလှူမှု၊ မြေလှူမှု မရှိစေရ။

(၄) သက်န်းအတင်အရုံတွေ လုပ်မနေနဲ့၊ သက်န်းဟာ သာသနာလား။

(၅) ပါဠိကို မြန်မာပြန်တဲ့အခါ နှစ်ဘာသာ မကျွမ်းကျင်လို့ အမှားတွေအများကြီး၊ ဆရာ့ဆရာ သင်ကြားခဲ့တဲ့အတိုင်းပဲ ဆက်ပြောနေမယ်၊ မှားမှန်းသိရက် မပြင်ရဲရင် လူထွက်။

(၆) လူရော၊ ရဟန်းပါ၊ ကျမ်းဂန်နဲ့မကိုက်ညီဘဲ အမှားတွေ အများကြီး လုပ်နေတယ်၊ ငါလည်း အနှစ်သုံးဆယ်ကျော် အမျိုးမျိုး ပြုပြင်ဆုံးမတယ်၊ မရ။ အခု မင်းတို့ မှားမြဲ၊ မှားကြပေတော့။

ဖေဖော်ဝါရီ၊ ၂၀၀၀၊
ရုပ်ရှင်တေးကဗျာ။

□

mgyoe.com

mgyoe.com

# ကလျာဏီမွန်ကျောက်စာ

ရာဇာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားကြီး (၁၄၇၂–၁၄၉၂) ရေးထိုးခဲ့တဲ့ ၁၄၈၀ ပြည့် ရက်စွဲပါ ကလျာဏီကျောက်စာရဲ့သမိုင်း တန်ဖိုးကြီးပုံကို ဖော်ပြရေးသားချင်ပါတယ်။

ဗညားထောဘွဲ့ခံ ဘုရင်မရှင်စောပု (၁၄၁၃–၁၄၇၂)ဟာ ဗုဒ္ဓသာသနာမှာ ကြည်ညိုလေးစား သဒ္ဓါပွားသူ ဖြစ်ပါတယ်။ နန်းသက် တစ်ဆယ့်ကိုးနှစ်ရဲ့ အစလေးနှစ် ရောက်တဲ့အခါ ခရစ်နှစ် ၁၄၁၇ မှာ သမက်တော် ရာဇာဓိပတိကို ပြည်ရေးရွာမှုအားလုံး စီမံဖို့ လွှဲခဲ့တယ်။ (မွန်ချုပ် ၁၉၆၅–၆၁) အဲဒီလို အုပ်ချုပ်ခွင့်အာဏာ ရတဲ့အခါ သမက်တော်ကလည်း ဗုဒ္ဓသာသနာကို သန့်စင်စေပြီး ပြည်ရွာငြိမ်းချမ်း သာယာအောင် လုပ်မယ်လို့ ခရစ်နှစ် ၁၄၅၈ ကပဲ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ (မွန်ချုပ် ၁၉၆၅–၅၉)။ ဒါကြောင့် တစ်ဖက်မှာ ပဲခူးရဲ့ကာကွယ်ရေး ကောင်းသထက်ကောင်းအောင် မြို့ရိုးနဲ့ ကျုံးကို ပြုပြင် (မွန်ချုပ် ၁၉၆၅–၆၂)သလို ကျောင်းကန်ဘုရား အသစ်တည်တယ်။ ပျက်စီးနေတဲ့ စေတီတွေကိုလည်း ပြင်ဆင်ပါတယ်။ (မွန်ချုပ် ၁၉၆၅၊ ၆၃၊ ၆၄၊ ၆၅)။

ရာဇာဓိပတိဟာ ခရစ်နှစ် ၁၄၇၂ မှာ မယ်တော်ဘုရင်မ ရှင်စောပု

mgyoe.com

mgyoe.com
ကွယ်လွန်လို့ သူကိုယ်တိုင် မင်းအဖြစ် ဆက်ခံရတဲ့အခါ နိုင်ငံအုပ်ချုပ်ရေးကို ခိုင်မာအောင် သုံးနှစ်အားထုတ်ပြီး ခရစ်နှစ် ၁၄၇၅ မှာ သာသနာပြုဖို့ မဟာထေရမောဂ္ဂလန် အမှူးပြုတဲ့ သံဃာနှစ်ဆယ့်တစ်ပါးနဲ့ တိုင်ပင်ပါတယ်။ သာသနာမှာ ရဟန်းသံဃာကို အခြေခံရတယ်။ ရဟန်းတွေကလည်း သိမ်ကိုအမှီပြုရတယ်။ သိမ်သမုတ်ခြင်း စစ်မှန်ဖို့ စတင်ဆောင်ရွက်ရမယ်။ သီရိလင်္ကာ သီဟိုဠ်ရဲ့ အကူအညီကို ရယူရမယ်လို့ အများက တညီတညွတ်တည်း ဆုံးဖြတ်ကြတယ်။ (ကလျာ ၁၉၅၈၊ ၆၆)

မဟာထေရမောဂ္ဂလန်နဲ့ ရဟန်းဆယ်ပါးဟာ ရာမဒူတ သင်္ဘောစီးပြီး ၂၁ ဇန်နဝါရီ ၁၄၇၆ မှာ ယောဂမြစ်က သီရိလင်္ကာကို ထွက်သွားကြတယ်။ တောထေရ သီဝလီနဲ့ ရဟန်းဆယ်ပါးကတော့ စိတြဒူတ သင်္ဘောစီးပြီး ၂၂ ဇန်နဝါရီ၊ ၁၄၇၆ မှာ ယောဂမြစ်က သီရိလင်္ကာကို ထွက်သွားကြတယ်။ (ကလျာ ၇၂)။ (မောဂ္ဂလန်အဖွဲ့အပြန်မှာ ယောဂကဝင်ပြီး ဒဂုံမှာ ဖြစ်မယ်ထင်ရပါတယ်။)

မဟာထေရသီဝလီတို့အဖွဲ့ဟာ အခက်အခဲမရှိဘဲ ၁၆ ဖေဖော်ဝါရီ၊ ၁၄၇၆ မှာ ကလမ္ဗုဆိပ်ကိုရောက်လို့ ဘုနေကဗာဟုမင်းက ကြိုယူပြီး၊ အနုရာဓမြို့ကို ပို့ထားပါတယ်။ (ကလျာ ၇၂)။ မဟာထေရ မောဂ္ဂလန်အဖွဲ့ကတော့ လေလှိုင်းမိပြီး ၃ မတ်၊ ၁၄၇၆ မှာ ဝလ္လိရာဆိပ်ကို ရောက်သွားတယ်။ ဂေါ်ရစိ ခေါင်းဆောင်တဲ့ သူပုန်နယ်ဖြစ်နေလို့ ခရီးမဆက်ရဲဘူး။ (ကလျာ ၇၃)။ ၈ ဧပြီ၊ ၁၄၇၆ ရောက်မှ ခရီးဆက်တဲ့အခါ ၁၄ ဧပြီ၊ ၁၄၇၆ မှာ ဇယဝဍ္ဎမြို့ကိုရောက်လို့ ဘုဝနေကဗာဟုက ကြိုယူတယ်။ (ကလျာ ၇၃)။ ၇ ဇူလိုင်၊ ၁၄၇၆ မှာ မောဂ္ဂလ်နသီဝလီနှစ်ဖွဲ့ပေါင်းမိလို့ သီဟိုဠ်စွယ်တော်မြတ်ကို ပဲခူးသံဃာအားလုံး ဖူးမြော်ကြပါတယ်။ သံဃာအားလုံးကို လူဝတ်လဲစေတယ်။ ပြီးမှ သာမဏေဝတ်ရ တယ်။ ၁၇ ဇူလိုင်၊ ၁၄၇၆ မှာ မဟာထေရငါးပါးကို စတင်ပြီး ရဟန်းခံပေးတယ်။ (ကလျာ ၇၄)။ ၁၈ ဇူလိုင်၊ ၁၄၇၆ မှာ နောက်ထပ်ဆယ်ပါး၊ ၁၉ ဇူလိုင်၊ ၁၄၇၆ မှာ နောက်ထပ်ဆယ်ပါး၊ ၁၉ ဇူလိုင်၊ ၁၄၇၆ မှာ နောက်ထပ် ခုနစ်ပါး၊ ၂၀ ဇူလိုင်၊ ၁၄၇၆ မှာ ဆရာတော်အပါးနှစ်ဆယ့်ငါးပါး၊ တပည့် နှစ်ဆယ့်နှစ်ပါး၊ ရဟန်းခံပြီးပါတယ်။ (ကလျာ ၇၅)။ ၂၁ ဩဂုတ် ၁၄၇၆ မှာ မဟာထေရ
mgyoe.com

mgyoe.com

မောဂ္ဂလန်အဖွဲ့ ရာမညကို ပြန်တယ်။ (ကလျာ ၇၇)။ ၅ စက်တင်ဘာ၊ ၁၄၇၆ မှ ယောဂမြစ်ဝကဝင်ပြီး ဒဂုံမှာ ခေတ္တနားကြရပါတယ်။ (ကလျာ ၇၇)။

ရာဇာဓိပတိမင်းဟာ ရွှေတိဂုံမှာလှူဖို့ ကြေးစင်ငွေရောပြီး အချိန် ၃၀၀၀ ရှိတဲ့ ခေါင်းလောင်းကြီးကို သွန်းတယ်။ (ကလျာ ၇၇)။ ခေါင်းလောင်းကို ဒဂုံအရောက်ပို့မယ့် ဖောင်ပေါ်ကို ၂၅ စက်တင်ဘာ၊ ၁၄၇၆ မှာ တင်တယ် (ကလျာ ၈၀)။ ဖောင်ကို လှပတင့်တယ်အောင် အချွန်အတက်တွေတပ်ပြီး ဣန္ဒဝါမာနလို့ နာမည်ပေးတယ်။ ၃ အောက်တိုဘာ၊ ၁၄၇၆ မှာ ခေါင်းလောင်းကြီးကို ဆွဲလှူပြီး ၄ အောက်တိုဘာ၊ ၁၄၇၆ မှာ သီရိလင်္ကာပြန် ရဟန်းတွေကို ဆွမ်းကျွေးတယ်။ ၄ အောက်တိုဘာ၊ ၁၄၇၆ မှာ ရာဇာဓိပတိ ဒဂုံကဗဂိုး(ပဲခူး)ကို ပြန်တယ်။ ၇ အောက်တိုဘာ၊ ၁၄၇၆ မှာ ဗဂိုး(ပဲခူး)ကို ရောက်တယ်။ ဒဂုံဗဂိုး(ပဲခူး)ရေလမ်းနဲ့ နှစ်ည သုံးရက် သွားရတယ်လို့ ပြောနိုင်ပါတယ်။

ရာဇာဓိပတိမင်းရဲ့ ဆန္ဒအတိုင်း သီရိလင်္ကာပြန် ရဟန်းသစ်တွေနဲ့ သိမ်သစ်သမုတ်မယ်ဆိုပြီး နေရာရွေးချယ်ပါတယ်။ ၂၃ နိုဝင်ဘာ၊ ၁၄၇၆ မှာ နရသူရအမတ်ရဲ့ ကွမ်းသီးခြံနားကနေရာကို သဘောကျလို့ သိမ်ဆောက်ဖို့နေရာကို ရှင်းလင်းကြပါတယ်။ (ကလျာ ၈၄)။ ၂၃၊ နိုဝင်ဘာ၊ ၁၄၇၆ မှာ သိမ်သမုတ်လို့ ပြီးစီးပါတယ်။ (ကလျာ ၉၄–၉၈)။ သိမ်သစ်ကို ကလျာဏီသိမ်လို့ အမည်ပေးပါတယ်။ (ကလျာ ၉၄)။ ၂၄ နိုဝင်ဘာ၊ ၁၄၇၆ ကစပြီး သိမ်သစ်မှာ သုဝဏ္ဏသောဘဏမဟာထေရကို ဥပဇ္ဈာယ်လုပ်ပြီး အကြိမ်ကြိမ် ရဟန်းခံကြပါတယ်။ အစုစု သုံးနှစ်တိုင်တိုင် ကြာပါတယ်။ ရဟန်းကြီးအပါး ၈၀၀၊ ရဟန်းငယ် ၁၄၊ ၂၆၅ ပါး၊ ရဟန်းခံပြီး (ကလျာ ၈၈၊ ၉၂)တယ်။ ရာဇာဓိပတိမင်းရဲ့ ကြီးမားလှတဲ့ စီမံကိန်းကတော့ နောက်ထပ် တစ်ဆယ့်ရှစ်နှစ်ကြာမှ အောင်မြင်သွားပါတယ်။ ရာမညဒေသတစ်ဝန်း နေရာအများအပြားမှာ သိမ်သစ်တွေ သမုတ်တာက ၂၇ နိုဝင်ဘာ၊ ၁၄၇၆ က စတင်ပါတယ်။ (ကလျာ ၉၅)။ ၃၀ နိုဝင်ဘာ၊ ၁၄၇၆ မှာ ရဟန်းသစ် ၂၄၅ ပါးကို ရာဇာဓိပတိက ဆွမ်းကျွေးပါတယ်။ နောင်အခါ ရဟန်းသစ်ကို လက်ခံရင် ဘယ်လိုအချက်တွေ ပြည့်စုံမှ လက်ခံပါလို့ ရှင်ဘုရင်က ရဟန်း

mgyoe.com

mgyoe.com


တွေကို ပန်ကြားပါတယ်။ (ကလျာ ၉၀)။ သတ်မှတ်ချက်တွေက–

(၁) မြင်ရုံနဲ့ ကြည်ညိုဖွယ်ရှိတဲ့လူကိုပဲ ရဟန်းခံပေးပါ။

(၂) မင်းဒဏ်သင့်ပြီးဖြစ်တဲ့ လူကို လက်မခံရ၊

(၃) ကျော်စောထင်ရှားတဲ့ သူခိုး၊ ဓားပြကို လက်မခံရ၊

(၄) ကိုယ်အင်္ဂါချို့တဲ့လို့၊ ဥပမာ ခြေပြတ်၊ လက်ပြတ်၊ ကုန်းကွကောက်ခွင်တဲ့လူကို လက်မခံရ၊

(၅) မြင်ရုံနဲ့ ရယ်စရာကောင်းတဲ့သူကို လက်မခံရ၊ ဆရာတော်ကြီးတွေကလည်း တပည့်သံဃာတွေကို–

(၁) ဆေးကုခွင့်မပေးပါနဲ့၊

(၂) ဗေဒင်တွက်ပြီး ဟောပြောခွင့်မပေးပါနဲ့၊

(၃) အဝတ်အထည်မှာ ဆေးဆိုးပန်းရိုက်ထားတာကို ဝတ်ရုံခွင့်မပေးပါနဲ့၊

(၄) ပန်းဖောက်၊ ပန်းထွင်း မပြုပါစေနဲ့၊

(၅) လူဝတ်ကြောင်တွေ အသက်မွေးတဲ့အလုပ်မျိုးကို ဘာတစ်ခုမှ ဝင်ပြီးမလုပ်ပါစေနဲ့၊

(၆) အသံအဆွဲအငင်တွေနဲ့ တရားမဟောပါစေနဲ့၊

(၇) တရားဟောပြီး၊ ဝါ၊ ဆန်၊ ဆိုတာတွေ အလှူမခံပါစေနဲ့၊

(၈) လူကြီးလူငယ်မရွေး လူဝတ်ကြောင်တွေနဲ့ (ချစ်ခင်ပေါင်းသင်း) ရောနှောယှက်တင် မပြုစေနဲ့၊ မင်းချင်း၊ မင်းစေ၊ သောက်စားလောင်းကစားတဲ့လူ၊ လော်လီဖောက်ပြားတဲ့လူတွေနဲ့ မရောနှောပါစေနဲ့၊ (ကလျာ ၉၀–၉၁)

အဲဒီလို ရှင်ဘုရင်က စွက်ဖက်ပြောဆိုခဲ့တယ်။ ဒါထက် အရေးကြီးဆုံးအချက်နှစ်ခုက ...

(၁) ဝိနည်း၊ သိက္ခာပုဒ်တော်နဲ့ လျော်ညီတဲ့ ပဋိပတ်ကိုသာ ကျင့်ဆောင်ပါစေ။

(၂) တစ်ဂိုဏ်းတစ်ဂဏတည်းသာ ဖြစ်ပါစေ (ကလျာ (၉၁)

အဲဒီနှစ်ခုကို မဆောင်ရွက်နိုင်ရင် 'လူထွက်ပါ'လို့ အတိအကျ တောင်းဆိုပါတယ်။ (ကလျာ ၉၂) လောကကို ငြီးငွေ့လို့ ရဟန်းဘောင်ကို ဝင်လာ

mgyoe.com

mgyoe.com

တဲ့လူဟာ ကိုယ်အင်္ဂါပြည့်စုံဖို့၊ ကြည်ညိုဖွယ်ကောင်းအောင် ရုပ်ဆင်းသဏ္ဍာန်ရှိဖို့ မလိုဘူးထင်ပါတယ်။ ဒါပေမဲ့ ရှင်ဘုရင်လိုတယ်လို့ ပြဋ္ဌာန်းလိုက်တယ်။

သီရိလင်္ကာမင်း ဘုဝနေကဗာဟုရဲ့ အပြန်လက်ဆောင်ကို စောင့်ကြိုယူနေရတဲ့ စိတြဒူတသင်္ဘောစီး သီဝလီ မဟာထေရနဲ့ တပည့်သံဃာတွေက ၁၆ ဧပြီ၊ ၁၄၇၇ မှာ သင်္ဘောစထွက်ရင်ပဲ မုန်တိုင်းမိပြီး သင်္ဘောပျက်လို့ ဖောင်နဲ့ တောင်အိန္ဒိယ နာဂပဋ္ဋဆိပ်ကို ရောက်သွားတယ်။ အဲဒီဆိပ်က ပြန်ထွက်တဲ့အခါ တစ်ပေါင်းတည်း သင်္ဘောနေရာမရလို့ အကွဲကွဲစီးရတယ် (ကလျာ ၇၉)။ ၂၄ ဧပြီ၊ ၁၄၇၇ မှာ တစ်ပါးတည်း ထွက်ခဲ့တဲ့ ရှုဋ္ဌဘယတိဿမဟာထေရဟာ နာဂရာဇ်အငူ (Cape Negrais)ကို ဆိုက်ရောက်တယ်။ (ကလျာ ၇၉)။ နောက်ထပ် မဟာထေရသုံးပါးလည်း ၈ မေ၊ ၁၄၇၇ မှာ နာဂရာဇ်ဝကို ရောက်တယ်။ (ကလျာ ၇၉)။ အဲဒီသုံးပါးစလုံး ကုသိမ် (ပုသိမ်)ကို ၁၂ မေ၊ ၁၄၇၇ မှာ ရောက်လာကြတယ်။ (ကလျာ ၇၉)။ ရှုဋ္ဌဘယတိဿက ပုသိမ်ကို ၁၅ မေ၊ ၁၄၇၇ မှာ ရောက်တယ်။ မဟာထေရ လေးပါးပေါင်းပြီး ၂၂ ဇွန်၊ ၁၄၇၇ မှာ ပဲခူးကို ရောက်တယ်။ (ကလျာ ၇၉)။

ရာဇာဓိပတိမင်းကြီးက ကလျာဏီသိမ်ဝန်းကျင်မှာ ကလျာဏီစေတီတည်ပြီးတာနဲ့ ကလျာဏီ ဗောဓိပင်ကို ၂၃ ဩဂုတ်၊ ၁၄၇၇ မှာ စိုက်ပါတယ်။ (ကလျာ ၉၉)။ ပြီးတော့ ...

သမီးတော် တလဗေဝန္တဝတီနဲ့ ကြင်ရာတော်ကို ဗဂိုး (ပဲခူး)စေတီ၊ သမီးတော် ... နဲ့ ကြင်ရာတော်ကို ဗဂိုး(ပဲခူး) ဘူမိစက်မနစေတီ၊

သမီးတော် တလမကြီးနဲ့ ကြင်ရာတော်ကို ဗဂိုး (ပဲခူး) ဒီဝါဝိဟာရစေတီ၊ ဗဂိုး(ပဲခူး) စားယောဂရာဇ်ကို ဗဂိုးမုစလိန္ဒာဲစေတီ၊ သမီးတော် တလသင်ဇာနဲ့ ကြင်ရာတော်ကို ဗဂိုး(ပဲခူး) သုပ္ပတိဋ္ဌစေတီ။

မြိုင်မြို့စား အဲဂံဗိန်ကို ဗဂိုး(ပဲခူး) ဥပကသမာဂစေတီ၊

သားတော် မဟာရာဇဒေဝကို ပဂိုး(ပဲခူး) အဇပါလစေတီ တည်ခိုင်းတယ်။

ဘုရားပွင့်ရာ ဗုဒ္ဓဂါယာမှာရှိတဲ့ အထိမ်းအမှတ်နေရာတွေကို အတိုင်း

mgyoe.com

mgyoe.com

အတာယူခိုင်းပြီး အဲဒီအတိုင်း ဗဂိုး(ပဲခူး)မှာ အလားတူ အဆောက်အအုံတွေ ဆောက်ခိုင်းတယ်။ (မွန်ချုပ် ၇၃–၇၅)

သီရိလင်္ကာမှာ ကျန်ရှိနေသေးတဲ့ ရဟန်းတွေ၊ သင်္ဘောပျက်ပြီး တောင်အိန္ဒိယ ရောက်တယ်။ ပြန်ထွက်တဲ့ မင်္ဂလမဟာထေရနဲ့ ရဟန်းငါးပါးဟာ ၁၁ စက်တင်ဘာ၊ ၁၄၇၉ မှာ သင်္ဘောထွက်ခဲ့တယ်။ ၁၅ အောက်တိုဘာ၊ ၁၄၇၉ မှာ မင်္ဂလာမဟာထေရနာဂရာဇ်ဝကို ဆိုက်ရောက်တယ်။ (ကလျာ ၇၉) ကျန်လေးပါးကတော့ ပင်လယ်မှာ ပျံလွန်ကြပါတယ်။ ၂၈ အောက်တိုဘာ၊ ၁၄၇၉ မှာ မင်္ဂလာမဟာထေရ ကုသိမ်(ပုသိမ်)ကို ရောက်ပါတယ်။ (ကလျာ ၈၀)။ ၂၈ အောက်တိုဘာ၊ ၁၄၇၉ မှာ ပဲခူးရောက်ပါတယ်။ (ကလျာ ၈၀)။

ရာဇာဓိပတိမင်း ၁၄၇၂–၁၄၉၂ ဗုဒ္ဓသာသနာ သန့်စင်ရေးဟာ အင်မတန် ကြီးကျယ်တဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်။ သမိုင်းမှာ ထင်ရှားတဲ့မှတ်တိုင်တစ်ခုကို စိုက်ထူခြင်းဖြစ်တယ်။ မြန်မာနိုင်ငံမှာ အနိရုဒ္ဓလက်ထက် သာသနာသန့်စင်ရေး လုပ်တာဆိုပေမဲ့ ပုဂံပျက်တဲ့အချိန်မှာ ဂိုဏ်းကွဲတွေ ရှိတယ်လို့ ပြောနိုင်စရာ အထောက်အထားတွေ တွေ့နေပါတယ်။ အခု ခရစ်နှစ် ၁၄၈၀ ပြည့်မှာ ရေးထိုးခဲ့တဲ့ ကလျာဏီသိမ် ကျောက်စာအရ ဗဂိုး(ပဲခူး)မှာ ဗဟိုပြုတဲ့ ရာမညတိုင်းမှာ ဗုဒ္ဓသာသနာ ဂိုဏ်းကွဲမရှိတော့ဘူးလို့ ရဲရဲပြောနိုင်ပါတယ်။ အင်မတန်ကောင်းတဲ့ သာဓကေဖြစ်ပါတယ်။

၁၃ ဒီဇင်ဘာ၊ ၁၉၉၈ ကလျာဏီသိမ်တော်ကြီးကို ပထမတည်ဦးစက မန္တလေးတောင်ခြေ သုဓမ္မာဇရပ်ကြီးတွေလို ကျွန်းတိုင်ကျွန်းသားတွေနဲ့ ခမ်းနားအောင် ဆောက်ခဲ့မယ်လို့ ထင်ပါတယ်။ မင်းတုန်းမင်း (၁၈၅၂–၁၈၇၉)လက်ထက်က မီးသင့်ပျက်စီးတယ်။ ၁၈၇၄ မှာ ဟံသာဝတီခရိုင် တညင်(သန့်လျင်)မြို့ပိုင် ပုဂံတောင်ရွာသား ဦးသိန်း၊ ဒေါ်မှိုဉတို့က အသစ်ပြန်ဆောက်တယ်။ ပုဂံတောင်ရွာ အမိဒေါ်ကျေး သမီးဒေါ်စိုးနဲ့ မောင်နှမလေးဦးက အုတ်နဲ့ ခရစ်နှစ် ၁၉၀၃ မှာ အသစ်ဆောက်တယ်။ ငလျင်ဘေးအကြိမ်ကြိမ်ကြောင့် ခရစ်နှစ် ၁၉၅၀ လောက်မှာ အုတ်တိုက်ပြိုကျလုနီး ပျက်စီးနေပါတယ်။ ဗဂိုး(ပဲခူး)ရွှေခြူး ဆေးလိပ်ရုံပိုင်ရှင် ဦးသူတော်က သိမ်တော်ကြီးကို ပြင်ဆင်ဖို့ စတင်ဆော်သြသူဖြစ်ပါတယ်။ ဦးသူတော်ရဲ့ဇနီး ဒေါ်မြတင်က
mgyoe.com

၂၁ အောက်တိုဘာ၊ ၁၉၅၀ မှာ သေဆုံးပါတယ်။ ဦးသူတော်ဟာ ၁၉၀၃ ခုမှာ ဖွားမြင်လို့ အသက် ၅၀ ပိုင်းမှာ ဒီလိုဒုက္ခတွေ့ရလို့ အများကြီး သံဝေဂ ရတယ်။ ကြီးမားတဲ့ အလှူကြီးလုပ်လိုတယ်။ သမီးအထွေး မဝင်းအောင်က ၆ ဖေဖော်ဝါရီ ၁၉၅၃ မှာ သေဆုံးပြန်တယ်။ အဲဒီအခါ ကုသိုလ်ကောင်းမှု လုပ်ရန် ထပ်မံနှိုးဆော်သလို ဖြစ်ရတယ်။

၆ မတ်၊ ၁၉၅၃ မှာ သိမ်တော်ကြီး အပျက်အစီးတွေကို ရှင်းလင်းတယ်။ ၂၉ မတ်၊ ၁၉၅၃ မှာ နေအိမ်မှာ ဆရာတော်တွေပင့်ပြီး ဆွမ်းကပ်ရင်း ဇနီးရဲ့လက်ဝတ်လက်စားတွေ ရောင်းတယ်။ ဆွေမျိုးသားချင်းတွေကလည်း ဝိုင်းပြီး အလှူငွေထည့်တယ်။ အစုစု ငွေတစ်သိန်း တစ်သောင်း ငါးထောင် ငါးရာငါးဆယ့် ငါးကျပ် ငါးမတ်နဲ့ မတည်ပြီး ကလျာဏီသိမ်တော်ကြီးကို အုတ်တိုက်ကြီးအဖြစ် အသစ်ဆောက်ပါရစေလို့ ခွင့်ပန်တယ်။ ၂၆ ဇွန်၊ ၁၉၅၃ မှာ သိမ်တော်ကြီး ပန္နက်ချတယ်။ ၁၂ အောက်တိုဘာ၊ ၁၉၅၄ မှာ သိမ်တော်ကြီး ဆောက်လုပ်ပြီးစီးလို့ ရေစက်ချ အနုမောဒနာပွဲကြီး ကျင်းပ ပါတယ်။

၃၁ အောက်တိုဘာ၊ ၁၉၅၄ မှာ စာရင်းစစ်တွေ စစ်ဆေးပြီး သိမ်တော်ကြီး ကုန်ကျငွေမှာ ငါးသိန်းခုနစ်သောင်း ရှစ်ထောင်ရှစ်ရာ ကိုး ဆယ့်ငါးကျပ် သုံးဆယ့်ကိုးပြား ဖြစ်ပါတယ်။ ဩဂုတ် ၁၉၅၅ မှာ ကလျာဏီ သိမ်တော်ကြီးသမိုင်း ရေးပြီးတယ်။

မတ်၊ ၂၀၀၀၊
ရုပ်ရှင်တေးကဗျာ။

❐

mgyoe.com

mgyoe.com

# ရှေးဟောင်းမြန်မာနိုင်ငံ ကျောက်စာနိဒါန်း

## နောက်ဆုံးတွေ့

## ပါဠိမွန်ကျောက်စာ

တွံတေးမြို့ သဝန်းတောရွာ နောင်တရစေတီကျောက်စာ တစ်မျက်နှာ၊ ပါဠိ ၁၄ ကြောင်း၊ မွန် ၁၄ ကြောင်း၊ သက္ကရာဇ် ၇၂၄။

(၁) ။ ဝ။ ဥတ္တမော ယံ မဟာထူပေါ။ အနုတ္တရဖလာဝဟော။ ကာရိ တော ဓမ္မ

(၂) ရာဇေန။ ဥဂ္ဂတေဇေန မိမတာ။ ။ သက္ကရာဇေသတ္တသတေ။ စတု

(၃) ဝီသာဓိကေယဒါ။ ဝိသာခါ၀ရ မေဒါသေ။ ဂုရုဝါရေ တဒါဓိ တော။ ။

(၄) ထပိတောယံ မဟာထူပေါ။ ပဝရေဟိ ဇနေဟိဝါ။ ပေါရာနေဟိအ

(၅) နေကေဟိ။ မဟိတော နိဇရေဟိဝါ။ ။ အတေယံ ပဝရောထူဝေ

(၆) ပါသေတကုညွရသာမိနာ။ ကာရာပိတော ဗုဒ္ဓဘာဝံ။ ပဌေန္တေ

(၇) နသုမိမတာ။ ။ ဥတ္တမော ယံမဟာထူ ပေါ။ ဣဒ္ဓိမာ ဗုဒ္ဓသာ

(၈) သနေ။ ဇီဝမာနောဝသံဗုဒ္ဓေါ။ ဟိတံလောက ဿသာဒ္ဓယေ။ သေ

mgyoe.com

mgyoe.com

(၉) ရောပိဗုဒ္ဓကရမမ္မ မနုဿ ရုပ။ သံပူရယံ ဒဒိပုဂ္ဂဝရံသဟ (သံ)။ တာ

(၁၀) လမ္ပိ နာဂ ပဟိဇမ္ပိ သဟာသမေဝ။ တဗ္ဗန္တဝေပိနနိ ထူပဝရ

(၁၁) သာဒေဝါ။ ။ ပဏ္ဏောသေတွာန မစ္စံ သက္က ဝစနကရံနန္ဒသူရံ မဟာန္တံ။ ဝါစ

(၁၂) န္တအာဟာရာဇာ ကရ အမတ ဒဒံ စေတိ ယန္တံ သထူပံ။ သောမ စွော ကမ္မကာရေ

(၁၃) ဝသိဖရံ သုဂရေဏ ဂဟေတွာန ယူပံ။ တိဗ္ဗုမ်ိ ဇိဿမာသေသိ နိဒိဝ

(၁၄) ပဝရေ ကာသိသေဌ္ဌ သယူပံ။ ။ သက္ကရာတ် ၇၁၀။ တြလစိင် ဗတာင်ပ

(၁၅) ဝိင်။ သက္ကရာတ် ၇၂၄ တိလစိင်ဗတာင် စိုပ်ဒလ ဖြပေင်ပတ

(၁၆) . သက်တေယ် ဖြဟပ်ဗတိယောက် ဖြသာတ် ကျက်ဖြင် ဝေါအ်။

(၁၇) . ကျက် စောသ်သိ၊ တိ (ဝေါအ်) ဇုတ်။ သတ်တြပိုန်ဖြင် ပိလိ

(၁၈) .. တ်တွး ဂေုဟ် ကြပိန် (တ) သ်လေရ် လိမ်။ သတ်ဝေါအ် ကိုမ်လော

(၁၉) ... ဇုက် ဝေါအ် ကိုမ်လောရ်။ ဍိုက်ကျက်စောသ် သိဝေါအ်ကို

(၂၀) .. (လော)ရ်။ ညးမဟောန် စာယ် ပဂး။ ပေယ်လောက် ဝေါအ် လေရ်ဒြသော

(၂၁) ပကိလ်ဂေါအ်။ ခ္ဍိုတ်အာနောရ်ဝေါဒဂ်လေရ်ပေယ် မဟာဝိတ် လေရ်

(၂၂) . ပိဍေဟ် စိန်တောဝ် ဟောင်ညိ။ သတ်န . က်လေရ် ဝါလိမ်။ စတ်ႏ္ဂတ

(၂၃) . ၊ လေရ်ဝါလိမ်။ ကောန်တိလစိင်ဗတာင် မေရ်ဒေါင်ဖြ

(၂၄) . ၊ ဒကာကျက် ဖြင်ဝေါအ်။ ။ မေဒါဖြ မိတိအဗ္ဘာ၊ ပဟု

(၂၅) . (ရာ) ဇသေဠ္ဌသ မိတာ။ ရာဇာ မေယုံ ပိမိတာ။ ပဝရမနေ

mgyoe.com

(၂၆) . . တိဟာသေဠာ။ သောထူပေါ ဗုဒ္ဓထူပေါ်။ ဥပါသိက
(၂၇) . . . တ္ထာ။ ရာဇာ ဇဝမ္ဘိ မန္တာ။ ဝရမနဇ
(၂၈) . . . . သိ။

ပါဠိပိုင်းဖတ်သူ ဦးငြိမ်းမောင်
မွန်ပိုင်းဖတ်သူ နိုင်ဘရှင်

ဥတ္တမော၊ မြတ်သော၊ အနုတ္တရဖာဝဟော၊ လောကုတ္တရာအကျိုးကို ရွက်ဆောင်နိုင်သော။ အယံ မဟာထူပေါ၊ ဤပုထိုးတော်ကြီးကို။ ဥဂ္ဂတေဇေန၊ တံခိုးအာဏာထက်သော၊ မိမတာ၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော။ ဓမ္မရာဇေန၊ တရားမင်းသည်။ ကာရိတော၊ တည်ထားစေ၏။

ယဒါ၊ အကြင်အခါ၌။ စတုဝိသာဓိကေသတ္တ သတေ၊ သက္ကရာဇ် ၇၂၄ ခုနှစ်သည်။ ဝိသာခါဝရမေ သာဒေ၊ ကဆုန်လမြတ် ပြီးသရာသီသည်၊ ဂုရုဝါရေ၊ ကြာသပတေးနေ (ကြာသပတေးနေ့ လေးကြိမ်ရှိနိုင်သဖြင့် ၇၂၄ ကဆုန်လ၏ နောက်ဆုံး ကြာသပတေး ၂၁ ဧပြီ၊ ၁၃၆၂ ကို ကျောက်စာရေးထိုးသည့်ရက်ဟု ယူရန်ရှိပါသည်) (ဟောတိ ဖြစ်၏။) တဒါမိတော၊ ထိုနေ့ဟု မှတ်ယူအပ်သောအခါ၌။

ပဝရေဟိ၊ မြတ်ကုန်သော၊ ပေါရာဏေဟိဇနေ တိဝါ၊ ရှေး၌ဖြစ်သူ လူကြီးတို့သည်လည်းကောင်း။ အနေကေဟိ၊ များစွာကုန်သော။ နိဇရေဟိဝါ၊ လူငယ်တို့သည်လည်းကောင်း။ အယံ မဟာထူပေါ၊ ဤပုထိုးတော်ကြီးကို။ မဟိတော၊ ပူဇော်အပ်ပါ၏။

အထ၊ ထိုမှတစ်ပါး။ ပဝရော၊ မြတ်သော။ အယံထူပေါ၊ ဤပုထိုးတော်ကို။ ဗုဒ္ဓဘာဝံ ပတ္တေန္တေန၊ ဘုရားအဖြစ်ကို တောင့်တသော။ သုမိမတာ၊ ကောင်းသောပညာရှင်ဖြစ်သော။ သေတကုဉ္စရသာလိနာ၊ ဆင်ဖြူရှင် မင်းတရားသည် (ရာဇာဓိရာဇ် ၁၃၈၅–၁၄၂၃ ၏ အထက် ဗညားဦး ၁၃၅၃–၁၃၅၈ ဖြစ်နိုင်တယ်)။ ကာရာပိတော၊ တည်ထားစေအပ်ခဲ့ပါ၏။

ဥတ္တမော၊ မြတ်သော။ အယံမဟာထူပေါ၊ ဤပုထိုးတော်ကြီးသည်။ ဗုဒ္ဓသာသနေ၊ မြတ်ဘုရား သာသနာတော်နှင့်။ ဖိဝမာနော၊ သက်တော်ထင်ရှား ရှိသော။ သမ္ဗုဒ္ဓေါဝ၊ မြတ်စွာဘုရားကဲ့သို့။ ကူဒ္ဓိမာ၊ တန်ခိုးကြီး

mgyoe.com

mgyoe.com
ပါ၏။ အဟံ၊ အကျွန်ုပ်သည်။ လောကသာ၊ လူအပေါင်း၏တံ၊ ထိုပုထိုး တော်ကြီးကို။ သာဒ္ဓယေ၊ ယုံကြည်မြတ်နိုးပါ၏။

ထေရောပိ၊ ဦးဆောင်မထေရ်သည်လည်း။ အနန္တရူပံ၊ အဆုံးမရှိသော သဘောရှိသော။ ဗုဒ္ဓကရဓမ္မံ၊ ဘုရားဖြစ်ကြောင်းတရားကို။ သံပူရယံ၊ ကောင်းစွာပြည့်စေလျက်။ သဟာသံ၊ တစ်ထောင်သော။ ပူဂဝရမ္ပိ၊ ကွမ်းသီး ပင်ကောင်းကိုလည်းကောင်း။ သဟာသမေဝ၊ တစ်ထောင်သာဖြစ်သော။ တလမို၊ ထန်းပင်ကိုလည်းကောင်း။ နာဂပဟိဇမ္ပိ၊ ကံ့ကော်ပင်ကိုလည်း ကောင်း။ ဒဒိ၊ ပေးလှူခဲ့၏။ မုနိထူပဝရသာ၊ မြတ်စွာဘုရား၏ ပုထိုးတော် မြတ်နှင့်တကွ။ တဗ္ဗန္တဝေ၊ ထိုပုထိုး၏အနီး၌။ ဒေဝါ၊ နတ်တို့သည်။ [သံဠိတာ၊ ကောင်းစွာ တည်ကြကုန်၏။]

ရာဇမင်းကြီးသည်။ သက္ကဝစနကရံ၊ စွမ်းနိုင်၍ စကားကို နာယူ သော။ နန္ဒသူရံ၊ နန္ဒသူရမည်သော။ မဟာန္တံ အမစ္စံ၊ အမတ်ကြီးကို။ ပက္ကော သေတွာန၊ ခေါ်၍။ တံဝါစံ၊ ထိုစကားကို။ အာဟ၊ ဆို၏။ [ကိံ၊ အသို့ ဆိုသနည်း ဟူမူ] သယူပံ၊ ပြာသာဒ်နှင့်တကွသော။ အမတဒံ၊ အမြိုက် နိဗ္ဗာန်ကို ပေးတတ်သော။ တံစေတိယံ၊ ထိုစေတီတော်ကို။ ကရ၊ တည်ထား ပါလော့။ [ဣတိ၊ ဤသို့ဆို၏။] သောအမစ္စော၊ ထို နန္ဒသူရအမတ်သည်။ ဝါသိဖရသုဂရေ၊ ပဲကွပ်ပေါက်ဆိန် စသည် စွဲကိုင်ကုန်သော။ တေကမ္မ ကာရေ၊ ထိုအလုပ်သမားတို့ကို။ ဂဟေတွာန၊ ခေါ်ယူ၍။ ယူပံ၊ ပြာသာဒ် ကိုလည်းကောင်း၊ နိမိဝပဝရံ၊ ရွှေအိုးကဲ့သို့ တောင့်တအပ်သော။ သေဋ္ဌံ၊ မြတ်သော။ သယူပံ၊ ပြာသာဒ် အထွဋ်နှင့်တကွသော။ တိမ္ဗုမိ၊ ဘုံသုံးဆင့် ရှိသော။ ဓိတ္တံ၊ စေတီတော်ကို။ အသေသိ၊ ဖြစ်ပေါ်စေခဲ့ပြီ။ အကာသိ၊ ပြု စီမံခဲ့ပြီ။

ပတုရာဇသေဋ္ဌဿ၊ စွမ်းရည်ရှိသော မင်းမြတ်၏။ ဓိတာ၊ သမီးကား။ မေဒါဖြဗိတိအဗှာ၊ မေဒါဖြဗိ အမည်ရှိ၏။ ရာဇမင်းကြီးသည် မယုံ၊ ငါ၏။ ဓိတာဝိ၊ သမီးတော်သည်လည်း။ ပဝရဓနညာတိဟိ၊ မြတ်သော ဥစ္စာရှိသူ ဆွေမျိုးတို့ထက်။ သေဋ္ဌာ၊ အထူးသဖြင့် ချီးမွမ်းအပ်၏။ သောထုပေါ၊ ထိုပုထိုးသည်။ ဗုဒ္ဓထုပေါ၊ မြတ်စွာဘုရား၏ ပုထိုးတည်း။ ဥပါသိက ဘာဝတ္တာ၊ ဥပါသိ ကာမဖြစ်စေခြင်း အကျိုးရှိရာ၏။ ရာဇမင်းကြီးသည်။
mgyoe.com

mgyoe.com


ဝေမို့၊ ဤသို့အားဖြင့်လည်း။ မန္တာ၊ သိမြင်၍။ ဝရမနစည်၊ မြတ်သောဥစ္စာ စပါးကို။ အဒါသိ၊ ပေးခဲ့ပြီ။

မွန်ဘာသာရေးထိုးထားတဲ့ စာကြောင်းရေ ၁၄ က ၂၈ အထိကို မြန်မာပြန်၍ မပြီးသေးပါ။

ဒီကျောက်စာကို ကူးဖို့သွားတုန်းက ပါမောက္ခ ဒေါ်အုန်းကြည်၊ မော်နီကာ၊ ဦးအောင်မြတ်ကျော်၊ ဦးစိန်မြင့်တို့ပါတယ်။ မင်ကူးကို အထူး ကြိုးစားပြီး ကူးပေးသူမှာ ဦးအောင်မြတ်ကျော်ဖြစ်ပါတယ်။

မေ၊ ၂၀၀၀၊

ရုပ်ရှင်တေးကဗျာ။

❐

mgyoe.com

mgyoe.com

# ရခိုင်မြောက်ဦး ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြ ကျောက်စာ

ဓမ္မက္ခန္ဓာ ၈၄,၀၀၀ ကို ရည်စူးပြီး ဘုရားဆင်းတုတော် ရှစ်သောင်း ကိန်းဝပ်တဲ့အတွက် ရှစ်သောင်း (ရန်အောင်ဇေယျ)ဘုရားခေါ်တယ်။ မင်းဗာကြီး ၁၅၃၁–၁၅၅၃ လက်ထက်၊ ၁၅၃၆ မှာ တည်တယ်။ အဲဒီဘုရားမှာ လေးမျက်နှာ ကျောက်တိုင်တစ်တိုင် ရှိပါတယ်။ အရှေ့၊ အနောက်၊ မြောက်နဲ့ ကျောက်တိုင်ထိပ်မှာ သက္ကတဘာသာ၊ ဒေဝနာဂရီအက္ခရာနဲ့ ရေးထိုးထားတဲ့ ကျောက်စာဖြစ်ရပါတယ်။ လုစ်နဲ့ ဖေမောင်တင် ရှာဖွေတည်းဖြတ်ပြီး ဓာတ်ပုံစာအုပ် (Inscriptions of Burma, Five Portfolios, Oxford University Press, London, 1933-1952)မှာ ဓာတ်ပုံ ၃၄၆၊ ၃၄၇ က အရှေ့ မျက်နှာအထက်ပိုင်းနဲ့ အောက်ပိုင်း၊ ဓာတ်ပုံ ၃၄၈၊ ၃၄၉ က အနောက်မျက်နှာအထက်ပိုင်းနဲ့ အောက်ပိုင်း၊ ဓာတ်ပုံ ၃၅၀၊ ၃၅၁ က မြောက်မျက်နှာ အထက်ပိုင်းနဲ့ အောက်ပိုင်း၊ ဓာတ်ပုံ ၃၅၂ (က)က တိုင်ထိပ် ကျောက်စာတွေဖြစ်ပါတယ်။ အဲဒီကျောက်စာတွေမှာ–

အရှေ့မျက်နှာ – စာကြောင်း ၁၀၀ ခန့်၊ ဖတ်မရနိုင်လောက်အောင် ပျက်စီး၊ ခရစ်နှစ် ၃၀၀–၆၀၀ တွင်း လက်ရေးလို့ ခန့်မှန်း။

mgyoe.com

mgyoe.com


အနောက်မျက်နှာ – စာ ၇၁ ကြောင်းခွဲ၊ အစ လေး ငါးကြောင်းနဲ့ အောက်သားစာ တချို့မှတစ်ပါး စာအားလုံးကို ကောင်းကောင်းဖတ်လို့ ရတယ်။ ခရစ်ရှစ်ရာစုနှစ်လယ် မတိုင်မီက ရေးထိုးခဲ့ဟန်တူတယ်။

မြောက်မျက်နှာ – အထက်ပိုင်း စာလေးငါးကြောင်းပဲ ရှိတယ်။ ဖတ်မရ။ သို့သော် အက္ခရာရေးပုံမှာ အရှေ့မျက်နှာက စာတွေနဲ့ တူသလိုရှိလို့ ခရစ်နှစ် ၃၀၀–၆၀၀ တွင်း ဖြစ်မယ်ထင်တယ်။

တိုင်ထိပ်စာ – ဖတ်မရ။

ကောင်းကောင်းဖတ်ရတဲ့ အနောက်မျက်နှာပါ စာအရ အာနန္ဒ စန္ဒြပြဇဿ္တိ (အာနန္ဒစန္ဒြမင်းရဲ့ ဩဘာစာ)ဖြစ်တယ်လို့ သိရတယ်။ ဒါကြောင့် ဒီကျောက်စာကို အာနန္ဒစန္ဒြကျောက်စာလို့ နာမည်ပေးပြီး နလန္ဒက ယဂေါဝရ်မန်ကျောက်စာက လက်ရေးနဲ့ စာစီကုံးပုံ အလွန်တူတယ်။ ရေးထိုးနှစ်မှာ ခရစ် ၇၂၉ လို့ ခန့်မှန်းတယ်။ အဲဒါနဲ့ အခု အာနန္ဒစန္ဒြကျောက်စာလည်း ခရစ် ၇၂၉ လောက်က ရေးထိုးခဲ့တာလို့ အလွယ်သုံး သတ်မှတ်လိုက်ကြပါတယ်။

[Johnston, E.H., 'Some Sanskrit Inscriptions of Arakan' BSOAS, XI, ii, 357-385, Sircar, D.C., 'Inscriptions of Chardras of Arakan' Epigraphia Indica, XXXII, iii, July 1957, 103-109; မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန နှစ်ချုပ် အစီရင်ခံစာ ၁၉၅၆–၅၇ နှင့် ၁၉၅၈–၅၉၊ သန်းထွန်း၊ "ရခိုင်ခေတ်ဦး" ခေတ်ဟောင်းမြန်မာရာဇဝင် ရန်ကုန်၊ မဟာဒဂုံ၊ ၁၉၆၄၊ ၆၅–၈၀၊ မြင့်ဆွေ "အာနန္ဒစန္ဒြ သက္ကတကျောက်စာ" ပြည်ထောင်စု မြန်မာနိုင်ငံစာပေနှင့် လူမှုရေး သိပ္ပံဂျာနယ်၊ ဒုတိယတွဲ၊ အမှတ် ၃၊ စက် ၁၉၆၉၊ ၁–၂၄ နှင့် စံသာအောင်၊ အာနန္ဒစန္ဒြ (ရှစ်ရာစု ရခိုင်ဝေသာလီမင်း)၊ ရန်ကုန်၊ အထက်တန်းပညာဦးစီးဌာန၊ ၁၉၇၅ တို့ကို ဖတ်ပါ]

အာနန္ဒစန္ဒြကျောက်စာ

မြန်မာပြန်သူ စံသာအောင်

mgyoe.com

mgyoe.com

၁။ ဖတ်မရ

၂။ ဖတ်မရ

၃။ ဖတ်မရ

၄။ ထို့နောက် ........................................ ရေမြေသနင်း ဘုရင်မင်း မြတ်သည် အနှစ် ၁၂၀ စိုးစံ၏။

၅။ လောကဥ္စ ချီးမြှောက် ထောက်မခြင်းကိုသာ အာရုံစူးစိုက်၍ ပြုလုပ်လေ့ရှိသော ... မြေသနင်းမင်းသည် အနှစ် ၁၂၀ မင်း ပြု၏။

၆။ ထို့နောက် ... အမည်ရှိသော မင်းသည် လောက ... အနှစ် ၁၂၀ တိုင်အောင် မင်းပြုလေ၏။

၇။ ထို့နောက်တစ်ဖန် ကြောက်ရွံ့ခြင်း ကင်းမဲ့၍ တည်ကြည်ပြီး ဝီရိယနှင့်ပြည့်စုံသော ဗဟုဗလိမင်းသည် အနှစ် ၁၂၀ မင်းပြုလေ၏။

၈။ ထိုနောက် အလွန် အဆင်းလှ၍ လူမှုရေး၊ နိုင်ငံရေး ကျွမ်းကျင်သော ရဃုပတိမင်းသည် အနှစ် ၁၂၀ မင်းပြုလေ၏။

၉။ ... ခွန်အားဗလကြီးမားသော ... မင်းသည် အနှစ် (၁)၂၀ မင်းပြုလေ၏။

၁၀။ ထိုနောက် သူတော်စင်ဟု သမုတ်ထိုက်သော စန္ဒြောဒယ မည်သည့်မင်းသည် နှစ်ဆယ့်ခုနစ်နှစ်တိုင်အောင် ထီးနန်းကို သိမ်းပိုက်၍ မင်းပြုလေ၏။

၁၁။ အဏ္ဏဝေတမင်းသည် များစွာသော အလှူဒါနကို အထူးထူး အပြားပြားအားဖြင့် ပေးလှူကာ ဤကမ္ဘာပေါ်၌ လောကစည်းစိမ်ချမ်းသာကို ငါးနှစ်တိုင်အောင် ခံစားပြီး နတ်ပြည်သို့ ကြွမြန်းတော်မူ၏။

၁၂။ ထို့နောက် သီလမြဲခြင်း၊ ရဲရင့်ခြင်း ပညာဉာဏ် ထက်မြက်ခြင်းတို့နှင့်ပြည့်စုံသော မြင့်မြတ်သည့် ... မင်းသည် နှစ်ပေါင်း ခုနစ်ဆယ့်ခုနစ်တိုင်အောင် မင်းပြုလေ၏။

၁၃။ ထို့နောက် ရိုဘျပွေါမင်းသည် အလှူဒါနများစွာ ပြုလုပ်လျက် ဘုန်းကံကြောင့် နှစ်ဆယ့်သုံးနှစ်တိုင်အောင် မင်းအဖြစ် စိုးမိုးအုပ်ချုပ်လေသည်။

၁၄။ ထို့နောက် ကူဝေရာမိဒေဝီ မိဖုရားသည် ဒါန၊ သီလ ... ၊ ထိုနောက်ရန်သူအပေါင်း ကင်းရှင်းသော တိုင်းပြည်ကို ခုနစ်နှစ်တိုင် မင်းပြုလေ၏။

၁၅။ ယင်းနောက် ရာဇပရိယာယ်အရာ၌ လိမ္မာကျွမ်းကျင်၍ ဘုန်းတန်ခိုး

mgyoe.com

mgyoe.com


ကြီးမားသော မိဖုရား၏ ကြင်ရာတော် ... ဥမ၀ိယီမင်းသည် နှစ်ပေါင်း နှစ်ဆယ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားလေသည်။

၁၆။ ထို့နောက် သတ္တဝါအပေါင်းတို့၏ အစီးအပွားအကျိုးငှာ ပြုလုပ်ဆောင်ရွက်သော ဇုဂ္ဂမင်းသည် မင်းအဖြစ်၌ ခုနစ်နှစ်တိုင် မြဲစွာတည်ရှိလေ၏။

၁၇။ ထို့နောက် လါ်ကီအမည်ရှိသော မင်းသည် နှစ်နှစ်မင်းပြု၏။ ရဲစွမ်းသတ္တိရှိသော ထိုမင်းသည် အချိန်တန်သော် နတ်ပြည်သို့ လားလေ၏။

၁၈။ မင်းမျိုးအနွယ်တော်ကို တည်ထောင်ခဲ့ကြသည့် မင်းတို့၏ နန်းစံနှစ်အရေအတွက်ကို ဤနေရာ၌ ပြဆိုအပ်၏။ ဤမင်းများ၏ နန်းစံနှစ်ပေါင်းသည် ကေန်အမှန်ပင် နှစ်ပေါင်း ၁၀၁၆ ဖြစ်၏။

၁၉။ ယင်းတို့ပြီးနောက် နောင်ကာလ၌ ကုသိုလ်ကောင်းမှုပြုခြင်း၊ ဥစ္စာပေါများခြင်း၊ ခွန်အားဗလ ဘုန်းတန်ခိုးကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့နှင့် ပြည့်စုံသည့် ဒွေစ်န္တြအမည်ရှိသော ပညာရှိမင်းသည် မင်းတကာ့မင်း ဖြစ်လာ၏။

၂၀။ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ဘုရင်မင်းမြတ်သည် တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့ကို အောင်မြင်ပြီး၍ အထူးထူးသော မြို့ရိုး၊ တံတိုင်း၊ ကျုံးတို့နှင့် တန်ဆာဆင်သော မြို့တော်ကို တည်ဆောက်ခဲ့သည်။

၂၁။ နတ်ပြည်၏ လှပတင့်တယ်ခြင်းကိုပင် ပြက်ရယ်ပြုနိုင်လောက်အောင် လှပတင့်တယ်သော မြို့တော်ကို တည်ဆောက်စေပြီး၍ ကျော်စောခြင်းနှင့် ပြည့်စုံသော ထိုမင်းသည် ငါးဆယ့်ငါးနှစ်တိုင်အောင် မင်းပြုလေ၏။

၂၂။ ထို့နောက် ဘုန်းကျက်သရေရှိသည့် ရာဇစန္ဒြမင်းသည် အနှစ် နှစ်ဆယ်တိုင်အောင် မင်းပြုလေ၏။ ဤသို့ နတ်တို့၏ စည်းစိမ်တမျှသော စည်းစိမ်ချမ်းသာကို ခံစားပြီး၍ ကမ္ဘာလောက၏ အရှင်သခင် မင်းကြီးသည် နတ်ပြည်သို့ ကြွမြန်းလေ၏။

၂၃။ ထို့နောက် ဘုန်းတန်ခိုးကြီးမားသော ကာလစန္ဒြမင်းသည် ကိုးနှစ်တိုင်အောင် နန်းစံ၏။ နိုင်ငံရေး၊ လူမှုရေးတို့၌ အလွန်ကျွမ်းကျင်သော ထိုမင်းသည် ကျော်စောခြင်းတည်းဟူသော ပန်းကုံးကို သီကုံးပြီး နတ်ပြည်သို့ ကြွမြန်းတော်မူလေ၏။

mgyoe.com

mgyoe.com

၂၄။ ကမ္ဘာလောက၏ အရှင် ဒေဝစန္ဒြမင်းသည် နတ်တို့၏ အရှင်သခင် သိကြားမင်းကဲ့သို့ပင်တည်း။ ထို့နောက် (ထိုမင်းသည်) နှစ်ဆယ့်နှစ်နှစ် တိုင်အောင် မင်းပြုပြီး၍ စင်စစ်လျှင် နတ်စည်းစိမ်ကို ခံစားတော်မူ၏။

၂၅။ ထို့နောက် ယဇ္ဇစန္ဒြသည် ခုနစ်နှစ်တိုင် နန်းစံသည်ဟု ကြေညာအပ် သည်။ ထိုနောက် စန္ဒြဗန္ဓုမင်းသည် လောက၌ ခြောက်နှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားလေ၏။

၂၆။ ထို့နောက် ကမ္ဘာမြေပြင်အထက်၌ ပေါ်ထွန်းသော လမင်းကဲ့သို့ ဘူမိ စန္ဒြမည်သော အခြား မင်းတစ်ပါးသည် ကုသိုလ်ကောင်းမှုကံကြောင့် ခုနစ် နှစ်တိုင်အောင် မင်းအဖြစ် အုပ်ချုပ်လေ၏။

၂၇။ နိုင်ငံရေး၊ လူမှုရေးတို့၌ ကျွမ်းကျင်သော ဘူတိစန္ဒြမင်းသည် နှစ်ဆယ့် လေးနှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားပြီးနောက် နတ်ပြည်ချမ်းသာကို ခံစားရန် ကြွမြန်းတော်မူလေ၏။

၂၈။ ထို့နောက် ခိုက်ရန်ဖြစ်ခြင်းကို ရာဇပရိယာယ်ဖြင့် ပယ်ဖျောက်နိုင်သည့် ထင်ရှားကျော်ကြားသော နီတိစန္ဒြမင်းသည် မဟေန္ဒြမင်း (သိကြားမင်း) နည်းတူ (လူ့ပြည်၌) ငါးဆယ့်ငါးနှစ်တိုင်အောင် မင်းဖြစ်လေ၏။

၂၉။ ထို့နောက် လူတို့၏ အရှင်သခင် ဝီယ်စန္ဒြသည် သုံးနှစ်တိုင်အောင် မင်းပြု၏။ ယင်းနောက် ကမ္ဘာလောက၏ အရှင်သခင် ပြီတိစန္ဒြသည် တစ်ဆယ့်နှစ်နှစ်တိုင်အောင် မင်းပြုလေ၏။

၃၀။ ထို့နောက် တရားတော်ကို အမြဲလိုက်နာ ကျင့်သုံးလေ့ရှိသော ပွတ္တိ စန္ဒြမင်းသည် မင်းစည်းစိမ်ကို ခုနစ်နှစ်တိုင်အောင် ကောင်းစွာ ခံစားလေ၏။

၃၁။ ထို့နောက် ဓွတိစန္ဒြမည်သောမင်းသည် ကမ္ဘာလောက၏ တည်ငြိမ် ခြင်းကို လုပ်ဆောင်၍ လူအပေါင်းကို သုံးနှစ်တိုင်အောင် ကာကွယ်စောင့် ရှောက်ပြီး နတ်ပြည်သို့ ကြွမြန်းသွားလေ၏။

၃၂။ သီဝနတ်မင်းအနွယ်မှ ဆင်းသက်ခဲ့ကြသော အလွန်မွေ့လျော်ဖွယ်ရှိ သည့် လမင်းကဲ့သို့ ဤလူ့ပြည်၌ ကျော်စောခြင်းရှိ၍ စန္ဒြဘွဲ့ခံကာ မင်းစည်းစိမ် ချမ်းသာကို တင့်တယ်စွာ ခံစားခဲ့ကြသော မင်းတစ်ဆယ့် ခြောက်ပါးတို့၏ နန်းစံနှစ်ပေါင်းကို ရေတွက်သော် နှစ် ၂၃၀ ဧကန်အမှန် ပင် ဖြစ်ရာ၏။

mgyoe.com

mgyoe.com


၃၃။ ထို့နောက်တွင် ပူရေ ပို့ရမှ လူတို့၏ အရှင်မင်းမဟာဝီရသည် ထိုအခါ၌ တရားတော်နှင့်အညီ တစ်ဆယ့်နှစ်နှစ်တိုင်အောင် မင်းပြုလေ၏။

၃၄။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ရေမြေသနင်း ဝြယဇပ်မည်သော ထိုမင်းသည် မင်းစည်းစိမ်ကို တစ်ဆယ့်နှစ်နှစ်တိုင်အောင် စံစားပြီးသော် နတ်ပြည်စည်းစိမ်ချမ်းသာကို စံစားလေ၏။

၃၅။ ထို့နောက် သေဝိရေိုင်မင်းသည် တစ်ဆယ့်နှစ်နှစ်တိုင်အောင် မင်းပြုခဲ့သည်ဟု မှတ်သားအပ်၏။ မာဝုကကို သုတ်သင်ခဲ့သော ထိုမင်းသည် မင်းစည်းစိမ်ချမ်းသာကို ခံစားလေ၏။

၃၆။ ထို့နောက် ဓမ္မဂုတ္တမင်းသည် တရားဓမ္မနှင့်အညီ ကမ္ဘာမြေကြီးကို စောင့်ရှောက်ခဲ့၏။ ဘုန်းတန်ခိုးကြီးမားသော မင်းသည် တစ်ဆယ့်သုံးနှစ်ပြည့်သောအခါ နတ်ပြည်သို့ ကြွမြန်းတော်မူလေ၏။

၃၇။ ထို့နောက် နတ်တို့၏ အနွယ်မှ ဆင်းသက်လာခဲ့သော ဝဇြဂုတ္တိမင်းသည် ဘာသာတရားကို ဆည်းကပ်ခြင်း၊ ကိုးကွယ်ခြင်း၊ သက်ဝင်ယုံကြည်ခြင်းတို့ကြောင့် မင်းအပေါင်းတို့တွင် သိကြားမင်းကဲ့သို့ ထင်ရှားကျော်ကြားလေ၏။

၃၈။ ဒါန သီလ စသည်တို့နှင့် ပြည့်စုံလျက် ကမ္ဘာလောကတစ်ခုလုံးကို တစ်ဆယ့်ခြောက်နှစ်တိုင်အောင် စောင့်ရှောက်အုပ်ချုပ်ပြီး၍ ထိုမင်းသည် နတ်ပြည်သို့ လားလေ၏။

၃၉။ ထို့နောက် ဘုန်းကျက်သရေ တရားဓမ္မ အောင်မြင်ခြင်းဂုဏ်တို့နှင့် ပြည့်စုံပြီး လူတို့အား ချီးမြှောက်ထောက်ပံ့မှုကိုသာ အာရုံစူးစိုက်ပြုလေ့ရှိသော၊ တည်ကြည်ရဲရင့်သည့် ဂြိဓမ္မဝိဇယမင်းသည် မင်းဖြစ်လေ၏။

၄၀။ (ထိုမင်းသည်) တရားဓမ္မ၊ နိုင်ငံရေးကျွမ်းကျင်မှု၊ အောင်မြင်ခြင်းဂုဏ်တို့ကြောင့်ပင် သုံးဆယ့်ခြောက်နှစ်တိုင်အောင် မင်းစည်းစိမ်ကို ခံစားပြီး၍ ရတနာသုံးပါးကို အစဉ်အောက်မေ့ခြင်း ကုသိုလ်နှင့်ယှဉ်သောကြောင့် တုသိတာနတ်ပြည်သို့ ကြွမြန်းလေ၏။

၄၁။ ထိုမင်း၏သားဖြစ်သူ သူတော်ကောင်း ပုဂ္ဂိုလ်ဖြစ်သော နရေန္ဒြဝိဇယမင်းသည်လည်း နှစ်နှစ်နှင့် ကိုးလတိုင် မင်းစည်းစိမ်ကို ခံစားလေ၏။

၄၂။ သိဝနတ်မင်း၏ အနွယ်တော်ဖြစ်ပြီး ရန်သူအပေါင်းကို အောင်နိုင်၍

mgyoe.com

mgyoe.com


သတ္တိသုံးပါး (အစိုးရခြင်း၊ လမ်းညွှန်ခြင်း၊ စွန့်စားခြင်း)၌ ချစ်ခင်တပ်မက် ယုံကြည်သဖြင့် ကြီးမားသော ဘုန်းတန်ခိုးကို ရရှိသော အကြင် ဝဇြဂတ္တိ၏ သား ဘုန်းကျက်သရေနှင့် ပြည့်စုံသော လူတို့၏ အရှင်သူရဲကောင်း ဓမ္မစန္ဒြမင်းသည် လမင်းသဖွယ် တင့်တယ်၍ တန်ခိုးအာနုဘော် ကြီးမား ခြင်း၌ ထင်ရှားကျော်စောၓ၏။

၄၃။ ဘုန်းကျက်သရေရှိသည့် ထိုမင်းသည် တစ်ဆယ့်ခြောက်နှစ်တိုင် အောင် မင်းစည်းစိမ်ကို ခံစားခဲ့ကာ ထူးမြတ်သောသားတော်အား အရိုက် အရာကို လွှဲအပ်ခဲ့ပြီးနောက် နတ်ပြည်သို့ ကြွမြန်းသွားလေ၏။

၄၄။ ထိုမင်း၏သားတော်သည် ကျော်စောခြင်းနှင့် ပြည့်စုံ၏။ ဦးညွှတ်ခစား ကြသော မင်းတို့၏ မကိုဋ်သရဖူရှိ ရတနာပန်းကုံးတို့မှ ထွက်ပေါ်လာသော တောက်ပြောင်သည့် ကျောက်မျက်ရတနာရောင်တို့ကြောင့် စက်တော်အစုံ ကြာပဒုံသည် နီမြန်းနေ၏။ အာနန္ဒစန္ဒြမင်းသည် ကမ္ဘာလောက၌ တစ်ခု တည်းသော ကျော်စောခြင်းဖြင့် အလွန်ထင်ပေါ်ကျော်ကြားပြီး လူတိုင်း၏ နှစ်လိုခြင်းကို ခံရ၏။ ရန်သူအမိုက်မှောင်ကို ဖြိုခွင်းအောင်မြင်၏။ တန်ခိုး ကြီး၏။

၄၅။ ထိုမင်းသည် အလှူပေးခြင်း၌ ကရဏမင်းနှင့် တူ၏။ သစ္စာတရားကို မြဲမြံစွာ စောင့်ထိန်းရာ၌လည်း ယုဓိဋ္ဌိရနှင့် တူ၏။ ရုပ်အဆင်းအားဖြင့် ပြဒ္ယုမ္န (ကာမနတ်မင်း)ကဲ့သို့ပင် တင့်တယ်၏။ ဘုန်းတန်ခိုးအာနုဘော် ကြီးရာ၌ ကမ္ဘာမြေပေါ်တွင် နေမင်းကဲ့သို့ပင် ဖြစ်၏။ အများအပေါ်အကျိုးအတွက် အားထုတ်လိုစိတ်ရှိသော မင်းတကာ့မင်းသည် သတ္တဝါအပေါင်းတို့၏ ကောင်းကျိုးအကျင့်ကို သိမြင်၍ အသိဉာဏ်ပွင့်လင်းစေရန်နှင့် နှစ်သက် ဝမ်းမြောက်ခြင်းဖြင့် ပြုလုပ်သော ကုသိုလ်ကောင်းမှုများ ပွားများစေရန် အလိုရှိသဖြင့် မင်းဖြစ်သည့် ပထမနှစ်မှစ၍ နဝမနှစ် အနုမောဒနာ ခေါ် တော်မူအပ်သော ကောင်းမှုတို့ကို ပြဆိုအပ်ပေသည်။

၄၆။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ လယ်မြေ၊ နွား၊ ကျွဲတို့နှင့်တကွ ပြည့်စုံ သော အာနန္ဒောဒယ အမည်ရှိသော ကျောင်းတော်များစွာကို ဆောက်လုပ်စေ အပ်ပြီ။

၄၇။ ရွှေငွေတို့ဖြင့် ပြုလုပ်အပ်သော ဘုရား၊ ဘုရားလောင်းနှင့် စုန္ဒမထေရ်

mgyoe.com

mgyoe.com
စသော တန်ခိုးကြီး ရဟန္တာများ၏ ဆင်းတုတော်များကို လည်းကောင်း၊ ဓာတ်တော် မွေတော်များကိုလည်းကောင်း ဌာပနာ၍ စေတီပုထိုးများကို မိမိစွမ်းအားရှိသလောက် ပြုလုပ်တည်ဆောက်အပ်ပြီ။

၄၈။ မြတ်စွာဘုရား၏ ဆင်းတုတော်များကို ကြေးဝါကြေးဖြူ ကြေးနီများဖြင့် အလေးချိန် အရေအတွက် ပမာဏအားဖြင့် (မှန်ကန်စွာ) ပြုလုပ်စေအပ်ပြီ။

၄၉။ ပြီးနောက် ကောင်းစွာ ဆေးရေး စီခြယ်အပ်သော အလွန်လှပတင့်တယ် (သပ္ပာယ်)သည့် မြတ်စွာဘုရားရှင်၏ ဆင်းတုတော် ရုပ်ပွားတော်များကို သစ်သားရွှံ့ (အင်္ဂတေ) ကျောက်တို့ဖြင့် မြောက်မြားစွာ ပြုလုပ်စေအပ်ပြီ။

၅၀။ ရွှံ့ဖြင့် ပြုလုပ်မီးဖုတ်ထားသော ဆင်းတုရုပ်ပွားတော် မြောက်မြားစွာတို့ကို ပြုလုပ်စေအပ်ပြီ။ စေတီပုထိုး မြောက်မြားစွာတို့ကို တည်ဆောက်အပ်ပြီ။ သူတော်ကောင်းတရားဆိုင်ရာ ကျမ်းဂန်များကို အမြောက်အမြား ရေးကူးစေအပ်ပြီ။

၅၁။ မင်းကြီးသည် ဘုန်းကျက်သရေရှိလှသည့် ဓာတ်တော်မွေတော်များကို အမြဲတစေ ပူဇော်ရန်အလို့ငှာ ကောင်းမြတ်သည့် ကျောက်မျက်ရတနာတို့ဖြင့် စီခြယ်ထားအပ်သော ရွှေကြာပန်း၊ ငွေကြာပန်းများစွာတို့ကို သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းပူဇော်အပ်ပြီ။

၅၂။ မင်းကြီးသည် သူတော်ကောင်းတရားများကို စွဲမြဲနှစ်သက်သဖြင့် အလွန်စင်ကြယ်သောစိတ်ဖြင့် သူတော်ကောင်းတရားများကို ပူဇော်ခြင်းငှာ မြေယာများကို နေ့စဉ်နေ့တိုင်း ရွှင်လန်းဝမ်းမြောက်စွာ ပေးလှူအပ်ပြီ။ အားလုံးသော လူအပေါင်းတို့ကလည်း သာဓုအနုမောဒနာ ခေါ်အပ်ပြီ။

၅၃။ အရပ် ရှစ်မျက်နှာမှ ကြွရောက်လာကြသော ရဟန်းတော်များအား ရိုသေလေးမြတ်သဖြင့် ကြေးသပိတ်များနှင့် ကောင်းမွန်သော ပိုးထည်သင်္ကန်းများကို ပေးလှူအပ်ပြီ။

၅၄။ "အကျွန်ုပ်၏ ဒါနပါရမီသည် သတ္တဝါတို့အပေါ်၌ မချို့တဲ့စေသတည်း"။ ထို့ကြောင့် သတ္တဝါအားလုံး၏ အကျိုးစီးပွားကို အလိုရှိသည်ဖြစ်၍ ဗုဒ္ဓဘာသာဝင် ဥပသကာတစ်ဦးဖြစ်သော်လည်း –
mgyoe.com

mgyoe.com

၅၅။ ဗြာဟ္မဏ ပုဏ္ဏားငါးဆယ်တို့ နေထိုင်ရန်အတွက် မြေယာ ကျေးကျွန်များနှင့်တကွ တူရိယာများ တီးမှုတ်သူများ ပြည့်စုံစွာပါဝင်သော ကျောင်းကြီး လေးကျောင်းကို ဆောက်လုပ်စေအပ်ပြီ။

၅၆။ ဗြာဟ္မဏ ပုဏ္ဏားတို့ နေထိုင်ရာ သောမတီတ်တွင် အာနန္ဒပါစေ အမည်ရှိ ကျောင်းကိုလည်းကောင်း၊ နော်လက္ကဟူ၍ အမည်လည်းရှိသော နေရပ်တွင် အာနန္ဒေဝ္ဝရမည်သော ကျောင်းကိုလည်းကောင်း (ဆောက်လုပ်လှူဒါန်းသည်ဟု) အောက်မေ့မှတ်သားအပ်၏။

၅၇။ ရှေးယခင်က ဒေါမံဃဟု အမည်တွင်ခဲ့သော ပိလက္ကဝနကဟု ခေါ်သည့်အရပ်၌ လမ်းများ၊ အထူးထူး အပြားပြားသော ကျောင်းဇရပ်များ၊ တံတားနှင့် စကြံလမ်း အစုံစုံကို ဆောက်လုပ်စေအပ်ပြီ။

၅၈။ စည်းဝေးခန်းမကြီး၌ နေ့စဉ် နေ့တိုင်း စည်းဝေးခြင်းကို အမြဲပြုလုပ်အပ်သည်။ အလွန်လျှင် သတ်ထိုက်သော (သေဒဏ်ပေးထိုက်သော) သတ္တဝါတို့ကိုလည်း သနားကြင်နာသဖြင့် အမြဲလွှတ်အပ်ပြီ။

၅၉။ ဓမ္မကဂ်မာဂ်ဂ်ရွဝါရဟု အမည်ခေါ်ဝေါ်သော အရပ်နှင့် ဘူရောကနော်လက္ကလဝါရကဟုခေါ်သည့် အရပ်တို့၌ မင်းကြီးသည် နှစ်သက်ဖွယ်ကောင်းသော ပဏ္ဏိဂ်သောမသံဃဟု ခေါ်ဝေါ်သည့် ရေကန်များကို တူးဖော်အပ်ပြီ။

၆၀။ ပညာရှိသော ထိုမင်းကြီးသည် ရှေးမင်းများ တည်ဆောက်ခဲ့၍ ယခုပျက်စီးနေသော နတ်ကွန်းများကို အလုံးစုံ အသစ်တစ်ဖန် ပြုပြင်ပြီးမြောက်စေအပ်ပြီ။

၆၁။ ဂိလာမေဃမင်း၏ တိုင်းပြည်ရှိ အရိယာရဟန်းသံဃာများထံသို့ တရားပလ္လင်၊ ကောင်းမြတ်သော ဆင်မယဉ်သာတစ်ကောင်နှင့် ပိုးသင်္ကန်းတို့ကို ပို့လွှတ်လှူတော်မူအပ်ပြီ။

၆၂။ နတ်မျိုးအနွယ်မှ ဆင်းသက်ခဲ့သော ထိုမင်းကြီး၏ ကျော်ကြားသည့် ရဲရင့်ခြင်းဂုဏ်၊ ဘာသာတရားနှင့် ကျော်စောခြင်းတို့ကို နှစ်သက်သဖြင့် ရှိသေလေးမြတ်စွာ ဦးညွှတ်သော ဘုန်းကျက်သရေရှိသည့် တာမြပတ္တန (ပတ္တန)ပြည့်ရှင်မင်း မနောဝိရဓိက မိမိ၏သမီးတော် ခေန္ဒာကို အလွန်ရိုသေစွာဖြင့် (အာနန္ဒစန္ဒြမင်းအား) ဆက်သအပ်ပြီ။

mgyoe.com

၆၃။ ဘုန်းကျက်သရေရှိသည့် တရားသဖြင့် အုပ်စိုးသောမင်းတို့၏ အမျိုးအနွယ်မှ ဆင်းသက်သော အာနန္ဒစန္ဒြမင်းကြီး၏ "တရားသဘော၊ အကျိုးစီးပွားနှင့် ယှဉ်အပ်သော ရဲရင့်ခြင်း၊ (မြတ်သော) အမျိုးအနွယ်၊ ပေးကမ်းစွန့်ကြဲခြင်း စသည့်ဂုဏ်တို့နှင့် လွှမ်းမိုးနေသည်လည်း ဖြစ်သော" အမိန့်တော်စကားကို ကြားနာရ (သဖြင့်)

၆၄။ ရိုသေကျိုးနွံစွာဖြင့် (အာနန္ဒစန္ဒြမင်း၏) အမိန့်တော်ကို နာခံပြုလုပ်လေ့ရှိသော (အာနန္ဒစန္ဒြမင်း၏) မိတ်ဆွေကောင်းအဖြစ်သို့ ရောက်ရှိလာသော၊ ဂဲဂ– အန္ဒြမျိုးနွယ်မှ ဆင်းသက်ခဲ့သော ဘုန်းတန်ခိုးကြီးမားသော ဘုန်းကျက်သရေနှင့် ပြည့်စုံသော "မနောဝိရ" မင်းသည် –

၆၅။ ဂြိတ္တန (ဂြိတမြပတ္တန)အမည်ရှိ မိမိ၏မြို့တော်နှင့် သက်ဆိုင်သည့် နယ်မြေအတွင်း၌ ရေတွင်းနှင့် ကျောင်းနှစ်ကျောင်းကို အလျှင်အမြန် ပြုလုပ်စေပြီးလျှင် မိန်းမများ၏ ရတနာဖြစ်သော မိမိ၏သမီးတော် ခေန္ဒာကို အတုမရှိသော ဥစ္စာရတနာများနှင့်တကွ အလွန်ရိုသေမြတ်နိုးစွာဖြင့် ဤအရပ်သို့ (အာနန္ဒစန္ဒြမင်းထံသို့) ပို့လွှတ်ဆက်သအပ်ပြီတည်း။

ဇူလိုင်၊ ၂၀၀၀၊
ရုပ်ရှင်တေးကဗျာ။

mgyoe.com

mgyoe.com

# ရခိုင်အာနန္ဒစန္ဒြကျောက်စာ အကဲဖြတ်

အာနန္ဒစန္ဒြ (ခရစ် ၇၂၉)ရဲ့ မူလနေရာကို မသိပါ။ မြို့ဟောင်း သင်းချပ်တော်တောင် အာနန္ဒစန္ဒြစေတီမှ ဖြစ်မလားမသိ။ အခု မြို့ဟောင်း ရှစ်သောင်းဘုရားမှာ ရောက်နေပါတယ်။ အဲဒီကျောက်စာကို အက္ခရာ ဖလှယ် (Transliterale)ပြီး အင်္ဂလိပ်ဘာသာပြန်တဲ့ ပါမောက္ခ ဂျွန်စတန် (Johnstion, BSOAS, XI, ii 357-385)က ဒီကျောက်စာဟာ အာနန္ဒ စန္ဒြသြဘာစာ (ပြဂသ္တိ)ဖြစ်တယ်လို့ ပြောပါတယ်။ ကျောက်စာရေးထိုးတဲ့ နှစ်မပါပေမဲ့ နလန္ဒက ရတဲ့ ယဂေါဝရ်မန် ကျောက်စာရဲ့ လက်ရေးနဲ့ သီကုံး ရေးသားပုံ တစ်ထပ်တည်းလောက် တူနေတယ်။ ပြီးတော့ ဒေါက်တာ ဒီစီဆာင်ကာရ်က နလန္ဒကျောက်စာဟာ ခရစ် ၇၂၉ လောက်က ဖြစ်တယ် ဆိုလို့ သူလည်း လိုက်ပြီး ခရစ် ၇၂၉ လို့ ယာယီဆုံးဖြတ်လိုက်တယ်။ အာနန္ဒစန္ဒြမင်းက သူ နန်းရပြီး ကိုးနှစ်အကြာမှာ ရေးထိုးတယ်ဆိုတော့ အဲဒီမင်း ရှင်ဘုရင်ဖြစ်တဲ့နှစ်က ၇၂၀ ပြည့်ဖြစ်တယ်။ ပြီးတော့ ရှေ့က မင်းတွေရဲ့ နန်းစံနှစ်ကို ယူပြီး ဘယ်နှစ်မှာ ရှင်ဘုရင်ဖြစ်တယ်လို့ တွက်ယူ ကြပါတော့တယ်။

မင်းဆက်ကို စတဲ့အခါမှာ အနှစ် ၁၂၀ မင်းမူပြီး သူ့ကို ဆက်ခံတဲ့ မင်းကလည်း အနှစ် ၁၂၀ စိုးစံတယ်။ ဒီလို အနှစ် ၁၂၀ စိုးစံတဲ့မင်းက

mgyoe.com

mg


ငါးပါးရှိနေတယ်။ ဒါမျိုးကိုတော့ ယုတ္တိမရှိဘူးဘဲ ပြောရမယ်။ မင်းတစ်ပါးစီရဲ့အကြောင်းကို စာတစ်ကြောင်းတည်းရေးပြီး ဖော်ပြပုံကတော့ ကြိုက်စရာ ကောင်းပါတယ်။

သူတော်ကောင်းအပေါင်းတို့ နှစ်လိုသောမင်း
ပေးကမ်းရက်ရောသောမင်း
ဉာဏ်ပညာနှင့် ပြည့်စုံသောမင်း
သာသနာရေးတွင် မွေ့လျော်သောမင်း
တရားသဖြင့် အုပ်စိုးသောမင်း
ရန်သူအပေါင်းကို သုတ်သင်ပေးသောမင်း
ရာဇပရိယာယ်အရာတွင် အလွန်လိမ္မာသောမင်း
သတ္တဝါအပေါင်းရဲ့ကျေးဇူးကို ဆောင်တတ်သောမင်း
ရဲစွမ်းသတ္တိကြီးသောမင်း
ဘုန်းသမ္ဘာကြီးသောမင်း
ရန်အပေါင်းကို အနုနည်းနဲ့ ပယ်ရှားနိုင်သောမင်း
သာသနာကို အစဉ်တစိုက် ချီးမြှောက်သောမင်း
ပြည်သူတို့ကို ရန်အပေါင်းမှ ကာကွယ်စောင့်ရှောက်သောမင်း
ကြင်နာစိတ်ကို ရှေ့ထားဦး သာသနာ့အလိုအတိုင်း အုပ်စိုးသောမင်း
စွမ်းပကားကြီးသောမင်း
သစ္စာစောင့်ထိန်းသောမင်း
လူအများ၏ ကျေးဇူးကိုသာ ရှေးရှုသောမင်း
ပေးကမ်းစွန့်ကြဲရာမှာ မရောင့်ရဲနိုင်သော မင်း

အဲဒါတွေဟာ ရှင်ဘုရင်တိုင်းမှာ ရှိအပ်တဲ့ အရည်အချင်းတွေပဲလို့ ဒီကျောက်စာက ဖော်ပြနေပါတယ်။

လေးရာစုနှစ် ထက်ဝက်ကျော်တဲ့အခါ ဝေသာလီမြို့ကို တည်ပြီး စန္ဒြမင်းတွေ အုပ်စိုးတာကို ခရစ် ၃၇၀ က စတင်အုပ်ချုပ်တာကို တွေ့ရပါတယ်။ အဲဒီ မင်းဆက်မှာ စိုးစံတဲ့မင်းတွေက–

၁။ ဒွေင်စန္ဒြ ၃၇၀–၄၂၅
၂။ ရာဇစန္ဒြ ၄၂၅–၄၄၅

mgyoe.com

mgyoe.com


၃။ ကာလစန္ဒြ ၄၄၅–၄၅၄
✱ ၄။ ဒေဝစန္ဒြ ၄၅၄–၄၇၆
၅။ ယာဇ္ဇူစန္ဒြ ၄၇၆–၄၈၃
၆။ စန္ဒြဗန္ဓု ၄၈၃–၄၈၉
၇။ ဘူမိစန္ဒြ ၄၈၉–၄၉၆
၈။ ဘူတိစန္ဒြ ၄၉၆–၅၂၀
✱ ၉။ နီတိစန္ဒြ ၅၂၀–၅၇၅
✱ ၁၀။ ဝိဂျစန္ဒြ ၅၇၅–၅၇၈
✱ ၁၁။ ပိရိတိစန္ဒြ ၅၇၈–၅၉၀
✱ ၁၂။ ပြိကွိစန္ဒြ ၅၉၀–၅၉၇
✱ ၁၃။ ဓမ္မတိစန္ဒြ ၅၉၇–၆၀၀
(✱ ဒင်္ဂါးသွန်းလုပ်တဲ့မင်း)

ဒီမင်းတွေဟာ ဗြာဟ္မဏအယူရှိတယ်။ သိဝဂိုဏ်းဖြစ်မယ်ထင်ရတယ်။ ဆူပူလှုပ်ရှားမှုတွေကြောင့် တိုင်းပြည်ပျက်ပြီး မြို့သစ်မင်းဆက်သစ်စရပါတယ်။

၁။ မဟာဝိရ ၆၁၀–၆၁၂
၂။ ဝြယဇပ် ၆၁၂–၆၂၄
၃။ သေဝိင်ကုင် ၆၂၄–၆၃၆
၄။ ဓမ္မဝူရ ၆၃၆–၆၄၉
၅။ ဝဇြဂတ္တိ ၆၄၉–၆၆၅
✱ ၆။ ဓမ္မဝိဇယ ၆၆၅–၇၀၁
၇။ နရေန္ဒြဝိဇယ ၇၀၁–၇၀၄
✱ ၈။ ဓမ္မစန္ဒြ ၇၀၄–၇၂၀
၉။ အနန္တစန္ဒြ ၇၂၀–
(✱ ဒင်္ဂါးသွန်လုပ်တဲ့မင်း)

အာနန္တစန္ဒြမင်းက ဗုဒ္ဓသာသနာ၊ မဟာယာနဂိုဏ်းဝင် ဖြစ်တယ်။ ဗြာဟ္မဏတွေကိုလည်း အသင့်အတင့် ထောက်ပံ့တယ်။ ဒီမင်းအစဉ်အဆက်ဘွဲ့မည်တွေဟာ ရခိုင်ရာဇဝင်တွေထဲ အမည်တွေနဲ့ မကိုက်တာ ရှိတယ်။
mgyoe.com

mgyoe.com


ဒါပေမဲ့ အဲဒီမင်းတွေရဲ့ အမည်နဲ့ ဒင်္ဂါးတွေ ကျန်ရစ်လို့ ဒီမင်းတွေ တကယ် စိုးစံခဲ့တာ သေချာတယ်။

အာနန္ဒစန္ဒြကျောက်စာမှာ လေးမျက်နှာရှိပါတယ်။ အာနန္ဒစန္ဒြမင်း လက်ထက် မတိုင်မီ အနှစ် ၂၀၀ ကျော်က ရေးထိုးတဲ့စာလည်း ရှိတယ်။ နောက် အနှစ် ၂၀၀ ကျော်မှာဆက်ပြီး ရေးထိုးတဲ့စာလည်း ရှိတယ်။ အဲဒီ အစပိုင်း အဆုံးပိုင်းကျောက်စာတွေကို ဖတ်မရနိုင်တော့လို့ သိပ်နမြောစရာ ကောင်းပါတယ်။ ဖတ်ရတဲ့အပိုင်းက ကျောက်စာမှာ ပါတဲ့ အာနန္ဒစန္ဒြမင်းရဲ့ အကြောင်းကတော့ အင်မတန် စိတ်ဝင်စားစရာဖြစ်ပါတယ်။ အာနန္ဒ စန္ဒြမင်းဟာ ဗုဒ္ဓသာသနာ မဟာယာနဂိုဏ်းဝင် ဥပသကာတစ်ဦးဖြစ်ပြီး အလှူဒါနမှာ ရောင့်ရဲနိုင်ခြင်းမရှိအောင် ပေးကမ်းလှူဒါန်းလေ့ရှိတယ်။ ရေတွင်းရေကန်တူးခြင်း၊ ကျောင်းဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဘုရား ရုပ်တုတွေကို သစ်၊ ကြေး၊ ကျောက်၊ အင်္ဂတေနဲ့ ထုလုပ်ခြင်း၊ မြေပုံဘုရား အသိန်းအသောင်းမက ပြုလုပ်ပူဇော်ခြင်း၊ ရဟန်းသံဃာတို့ဖို့ ကျောင်းတွေ ဆောက်ခြင်း၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ ကျွဲနွားလယ်ယာတို့ကို ကျောင်း ဘုရားမှာ လှူခြင်း။ ပိဋကအစုံကို ရေကူးခြင်းတို့ကို ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒီနေရာမှာ သတိထားစရာတစ်ခုကတော့ ပုဂံမှာ ကျန်စစ် သား ၁၀၈၄–၁၁၁၃ လက်ထက်မှ ပိဋက ကူးရတယ်။ အဲဒီရခိုင်မှာ ပုဂံ ထက် နှစ် ၃၀၀ စောပြီး ကူးတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဟိနယာနက ပိဋက အပြည့်အစုံကို အက္ခရာတင်တာ သီဟိုဠ်မှာ ခရစ်မပေါ်မီ ၃၃ နှစ်က ဖြစ်တော့ သီဟိုဠ်မှုကို ရခိုင်က ခရစ် ၈ ရာစုနှစ်ကပဲ ရေကူးနေပြီလား၊ ဒါမှမဟုတ်ရင်လည်း မဟာယာနဂိုဏ်းက ဘုရားဟောတရားတော်တွေကို သက္ကတ (Sanskrit)ရှိတာက ရခိုင်က ၈ ရာစုနှစ်ကပဲ ရေးကူးယူနေပြီလား လို့ စဉ်းစားစရာဖြစ်ပါတယ်။ အာနန္ဒစန္ဒြမင်းဟာ မဟာယာနဂိုဏ်းဝင်သာ ဖြစ်ရိုးမှန်ရင် သူ ရေးကူးတဲ့ ပိဋကဟာ မဟာယာနကျမ်းစာတွေပဲ ဖြစ်တယ် လို့ ထင်စရာဖြစ်ပါတယ်။

ဩဂုတ်၊ ၂၀၀၀၊
ရုပ်ရှင်တေးကဗျာ။

❒

mgyoe.com

mgyoe.com

## ကျွန်တော်လည်း အဖြေမသိပါ

လခြမ်းပြီ အမှတ် ၂၊ ၁၉၉၉ ရှေ့ဆုံးက ဒေါ်လှခိုင်ပြုစုတဲ့ ရခိုင်စကား အသံထွက်အညွှန်းကို တွေ့ရတော့ အရင် ငါးနှစ်က ပြင်သစ်မြန်မာ အဘိဓာန်ပြုတဲ့ ပြင်သစ်အမျိုးသမီး Madame D. Bernot က ကျွန်တော့်ကို ခိုင်းတဲ့ ကိစ္စတစ်ခုကို ပြန်ပြီး သတိရမိတယ်။ သူက ...

ရခိုင်ဝေါဟာရ များများရချင်လို့ ရခိုင်မင်းသမီး ချေင်းကို ယူကြည့်တယ်။ မြန်မာသံ မြန်မာကာရန်နဲ့ မြန်မာချေင်း ဖြစ်နေလို့ စိတ်ပျက်ရတယ်။ ရခိုင်သံနဲ့ ရခိုင်မင်းသမီး ချေင်းစင်စစ် ရှာပေးစမ်းပါ။ ကျွန်တော် ရှာတယ် မတွေ့ပါ။

မြန်မာတွေ စာရေးနည်းပညာကို မွန်ဆီက ရတယ်၊ ပျူဆီက ရတယ်၊ ကုလားအက္ခရာသုံးပြီး ပျူက ခရစ် ၄ ရာစုနှစ်ဆိုရင် သူတို့ ပျူစကားကို အက္ခရာနဲ့ စာရေးတတ်နေပြီထင်တယ်၊ မွန်ကလည်း ခရစ် ၇ ရာစုဆိုရင် သူတို့ မွန်စကားကို အက္ခရာနဲ့ ရေးတတ်နေပြီထင်တယ်။ ရခိုင်က ဘယ်တုန်းက စာရေးတတ်သလဲ၊ ရှစ်သောင်း ဘုရားမှာ ခုရောက်နေတဲ့ အာနန္ဒစန္ဒြကျောက်စာက သက္ကတဘာသာစကားနဲ့ ရေးထားတယ်။ ကျောက်စာကို ခရစ် ၈ ရာစုနှစ်ဦးပိုင်းက ရေးထိုးမယ်ထင်တယ်၊ ရခိုင်

mgyoe.com

mgyoe.com


(အထူးသဖြင့် ဝေသာလီက) မင်းတွေအကြောင်း ရေးတယ်။ ဒါပေမဲ့ သက္ကတလိုရေးတယ်၊ အဲဒီကျောက်စာက ရှေ့ပိုင်း မထင်ရှား၊ နောက်ပိုင်း ဖတ်မရ၊ တကယ်လို့များ အကုန်ဖတ်ရရင် ရခိုင်သမိုင်းမှာ ဖြည့်စွက် ပြောစရာ အများကြီးပေါ်လာမယ်ထင်ပါတယ်။ မြန်မာက ခရစ် ၁၁ ရာစု နှစ်လယ်လောက်မှ စာရေးတတ်တယ်၊ ရေးပြန်တော့လည်း ယေဓမ္မဟောတုပ္ပ ဘဝါ ဂါထာကိုပဲ ရေးတာ၊ ဒေသ သမိုင်းဆိုင်ရာ စကား အငွေ့အသက် ကလေးတောင် မပါဘူး။ ပြီးတော့ မြန်မာက မြန်မာမြေပြန့်ကို ခရစ် ၈၃၂ ပျူ ပျက်စီးပြီးမှာ ပျူတွေနေရာကို ဝင်လာနေထိုင်တာ ဖြစ်တယ်။ ပုဂံက ပျူတွေနေတဲ့နေရာ၊ ပျူနိုင်ငံကို ဗြဟ္မဝတ္ထုလို့ ကုလားက ခေါ်တယ်။ ဒီနာမည်ပဲ မြန်မာက ယူလိုက်တယ်။ အဲဒါတွေ အားလုံး ရခိုင်အဖြစ်အပျက် နဲ့ အများကြီး ကွာခြားနေတယ်။ အတူတူနေခဲ့ကြဖူးတယ်ဆိုတာလည်း ဟုတ်မှဟုတ်ရဲ့လားလို့ စဉ်းစားစရာ ဖြစ်လာတယ်။ အစက အတူတူနေခဲ့ တယ်ဆိုရင်လည်း ခွဲခွာခဲ့တာ ဘယ်အချိန်ကလဲဆိုတာ ရှာကြည့်ဖို့ကောင်း တယ်။ ရခိုင်တွေက ဂေါတမမြတ်စွာဘုရားနဲ့ ခေတ်ပြိုင်လောက်ကပဲ မြတ်စွာ ဘုရား ရုပ်ထုတော်ဆိုတာကတော့ မဖြစ်နိုင်ဘူးထင်တယ်။ ဂေါတမရုပ်ထု စပေါ်တာ ခရစ် ၇၆ ခုနှစ်ထက် မစောဘူး။ ဟိနယာနဂိုဏ်းက ပိဋကကို အက္ခရာတင်တာ ခရစ်မပေါ်မီ ၃၃ နှစ်လောက်က ဖြစ်တယ်။ အဲဒီအချက် တွေနဲ့ ရခိုင်ခေတ်ဦးသမိုင်းကို ပြန်ညှိရမယ်။ မစစ်ဘဲ ရှေးစကားအတိုင်း အာနန္ဒစန္ဒြကျောက်စာအရ ခရစ်ယာန်ဓမ္မဟောင်းထဲက အဖြစ်အပျက်တွေလို သူ့အတိုင်းအတာထားမယ်ဆိုလည်း ဖြစ်ပါတယ်။ ခရစ် ရှစ်ရာစုနှစ်ဦးက ပဲ ရခိုင်ဘက်မှာ သက္ကတဘာသာနဲ့ စာရေးတတ်နေပြီဆိုတော့ ရခိုင်က စောစောဟာ ပထမ သိဝဂိုဏ်းဝင်၊ နောက်မဟာယာနဂိုဏ်းဝင် မြန်မာက အနိရုဒ္ဓလက်ထက်ရောက်မှ ပိဋက ရတယ်။ အာနန္ဒစန္ဒြက ခရစ် ၇၂၀ လောက်မှာ ပိဋကကို အခါခါ ထပ်ကူးခိုင်းနေတယ်။ ဒီတော့ ရခိုင်နဲ့ မြန်မာ နှစ်ဦးမှာ ရခိုင်က တိုးတက်နှုန်းမြင့်နေတယ်။ အာနန္ဒစန္ဒြမင်း ရေးကူစေတဲ့ ပိဋကဟာ မဟာယာနထွက်တွေ ဖြစ်ဖို့များတယ်ထင်တယ်။ ရခိုင်မှာ မဟာယာန ပိဋကအပြည့်အစုံ မဟုတ်တောင် သုတ္တန်ဒေသနာက ကောက် နုတ်ချက်တွေ ရောက်နေပြီ။ ကျမ်းအမည်နဲ့တကွ ဖော်ထုတ်လို့မရနိုင်ဘူး

mgyoe.com

mgyoe.com

လား၊ ကြိုးစားရှာဖွေသင့်တယ်ထင်ပါတယ်။ အရှေ့တောင်အာရှမှာ ခရစ်ရှစ်ရာစုနှစ်တုန်းက ဗုဒ္ဓဝါဒ ထွန်းကားတဲ့ အန်ကောဝပ် (ကမ်ပူဆ)၊ ဘောရောဘောဒေါ (အင်ဒိုနေရှ)က ဗုဒ္ဓသာသနာနဲ့ ရခိုင် ဗုဒ္ဓသာသနာကို နှိုင်းယှဉ်ကြည့်ရင် အဖြေပေါ်လေမလားလို့ တွေးကြည့်မိတယ်။ အနောက်ပါကစ္စတန်၊ တက်ဆိလက မဟာယာနနဲ့ စပ်ဟပ်ကြည့်သင့်တယ်။ ရခိုင်နဲ့မြန်မာ ဝေါဟာရတွေကို နှိုင်းယှဉ်စစ်ဆေးပြီး ဘယ်လောက်တူတယ်၊ ဘယ်လောက် ကွဲလွဲတယ်၊ ဘာကြောင့် ဒီလိုဖြစ်သလဲလို့ အကြောင်းရင်းကို ရှာသင့်ပါတယ်။

ပျူတွေက အစ ပထမ ဗိဿနိုးဂိုဏ်း၊ နောက် မဟာယာန၊ နောက် ဟိနယာနသို့ အဆင့်ဆင့်ပြောင်းခဲ့တယ်။ ခရစ် ရှစ်ရာစုနှစ်ဆိုရင် သူတို့က ဟိနယာနဖြစ်ကုန်ပြီ။ ရခိုင်က ဘယ်အချိန်ကစပြီး ဟိနယာန ဖြစ်ခဲ့ပါသလဲ။ ခေတ်ဦးကစပြီး သီရိလင်္ကာ (သီဟိုဠ်)နဲ့ ဆက်သွယ်ရေးကို ဖော်ထုတ်ရမှာ ဖြစ်လို့ သီရိလင်္ကာဘက်က မှတ်တမ်းတွေမှာ ရခိုင်အကြောင်း ရေးသမျှ၊ ဘင်္ဂလားဘက်က ရခိုင်အကြောင်း ရေးသမျှတွေကို ပြန်ပြီးလေ့လာဖို့ လိုပါတယ်။ ၁၄ ရာစုနှစ်ကစပြီး ပေါ်တူကီ၊ ဒတ်၊ အင်္ဂလိပ်မှတ်တမ်းတွေမှာ ပါသမျှတော့ ဟိုလူရေး၊ ဒီလူရေးနဲ့ ရေးကြတယ်။ အကြောင်းအရာလည်း ထပ်နေပြီး ခရစ်နှစ်ပေါ်ဦးစက အာရေဗစ်ပါသျှ မှတ်တမ်းတွေက ဘာပြောသလဲ၊ အိန္ဒိယတောင်ပိုင်း အနောက်ဘက်ကမ်း ပါလာဘာနဲ့ အရှေ့ဘက်ကမ်း တိုရိုမင်တယ်က ထွက်လာတဲ့ တောင်ပိုင်း၊ အိန္ဒိယသားတွေရဲ့ မှတ်တမ်းတွေကို မွှေနှောက်ရှာရင် ရခိုင်ခေတ်ဦးအကြောင်း အသင့်အတင့် ထွက်ပေါ်လာစရာအကြောင်း ရှိပါတယ်။ ရခိုင်ဟာ ရခိုင်ပဲလား၊ မြန်မာမျိုးခွဲလားဆိုတာ အထောက်အထားမရှိဘဲ ပြောလို့မရပါ။ အခု တွေ့ထားတဲ့ သက္ကတကျောက်စာ ဗြဟ္မီကျောက်စာတွေ နဲ့ မလုံလောက်ပါ။

စက်တင်ဘာ၊ ၂၀၀၀၊
ရုပ်ရှင်တေးကဗျာ။

□

mgyoe.com

mgyoe.com

# ပုဂံကျက်သရေ

နန်ကျောင်တွေ ခရစ် ၈၃၂ ခုမှာ ပျူမြို့တော်ကို တိုက်ခိုက်လုယူ ဖျက်ဆီးလိုက်တဲ့အခါ ပျူလူမျိုးဟာ ပျောက်ကွယ်လုနီးနီး ပျက်စီးခဲ့ရပါတယ်။ ပျူလက်ကျန်တချို့ ပုဂံမှာလာပြီး နေကြတယ်။ ပျူလူမျိုးတွေ ခရစ်မပေါ်မီ အနှစ် နှစ်ရာလောက်ကပဲ ကနေ့ မြန်မာနိုင်ငံလို့ခေါ်တဲ့ နေရာကို ဝင်ရောက်နေထိုင်ကြတယ်။ အဲဒီအခါကပဲ ပျူဒေသ သုံးဆယ့်နှစ်ဒေသမှာ ပုဂံပါတယ်။ အိန္ဒိယတောင်ပိုင်းသားတွေက ပျူနိုင်ငံကို ဖြဟ္မဝတ္ထုလို့ ခေါ်တယ်။ ပုဂံက ပျူဂါမဖြစ်မယ်လို့ ထင်ပါတယ်။ မြန်မာတွေ ပုဂံမှာ ခရစ်ကိုးရာစုနှစ်ကပဲ ဝင်နေပြီဖြစ်လို့ သူတို့က အဲဒီအချိန်ကစပြီး သူတို့ကိုယ်သူတို့ ဖြဟ္မလို့ အခေါ်ခံခဲ့တယ်လို့ ယူဆပါတယ်။

ပုဂံ (၂၁° ၁၀' မြောက်လတ္တီတွဒ်၊ ၉၄° ၅၅' အရှေ့လောင်ဂျီတွဒ်)ကို တည်ထောင်တဲ့လူမျိုးကို စွဲပြီး ပျူဂါမလို့ ခေါ်မယ်ထင်ပါတယ်။ မြန်မာတွေက သူတို့ အခြေချနေထိုင်ဖို့ ပူအိုက်ခြောက်သွေ့တဲ့မြေပြန့်မှာ နေရာရှာတော့ ဒီပျူရွာကို တွေ့တယ်ထင်ပါတယ်။ ခရစ် တစ်ဆယ်ရာစုနှစ်ရောက်တော့ မြန်မာအများစုဟာ ဗုဒ္ဓသာသနာကို သက်ဝင်လာကြပြီးတဲ့အခါ ဒီပျူရွာကိုပဲ မင်းနေပြည်လုပ်ပြီး ပါဠိဘာသာနဲ့ အရိမဒ္ဒနပူရ (ရန်မျိုး

mgyoe.com

mgyoe.com

နှိမ်)လို့ နာမည်ပေးခဲ့ပါတယ်။ ပုဂံကို ဘယ်သူတည်တယ်၊ ဘယ်ပုံတည်တယ်၊ ဘယ်မင်းဆက် ဘယ်တုန်းကစတည်နဲ့ ဝတ္ထုတွေ ထွင်ပြင်ပြောကြပေမဲ့ ယုံဖို့ခက်တယ်။ ဒါကြောင့် ပုဂံသမိုင်းကို အနိရုဒ္ဓမင်း (၁၀၄၄–၁၀၇၇)က စပြောရပါတယ်။ အဲဒီမင်းက သမိုင်းမှာ အမှန်တကယ်ပေါ်ပေါက်ခဲ့ကြောင်း ကျောက်စာအထောက်အထားတွေ ရှိပါတယ်။ ဒါပေမဲ့ သိပ်များများမသိပါ။ မြေပုံဘုရားစာတွေ ကျန်ရစ်လို့ အဲဒီစာတွေအရ ဗုဒ္ဓကိုကိုးကွယ်သလို ဗောဓိသတ္တကိုလည်း ကိုးကွယ်တယ်။ မြေပုံဘုရားရဲ့ မျက်နှာဘက်မှာ ဗုဒ္ဓပုံတော်ကို ရုပ်ကြွထုတာလည်း ရှိတယ်။ ဘုရားလောင်းပုံတော်ကို ရုပ်ကြွထုတာလည်း ရှိတယ်။ ကျောဘက်မှာ ရှင်ဘုရင်က မိမိ နာမည်ကို အနိရုဒ္ဓလို့ သက္ကတဘာသာနဲ့ ရေးတယ်။ ဒီကုသိုလ်ကြောင့် နိဗ္ဗာန်လိုချင်တယ်လို့ ပါဠိလိုရေးတယ်။ အဲဒါအပြင် ရာနဲ့ချီပြီး များပြားတဲ့ မြေပုံဘုရားတွေမှာ မြန်မာတွေက အစောဆုံးမြန်မာလို ရေးတယ်လို့ ထင်ရတဲ့ ဆေးဖက်ဝင်သစ်မြစ် သစ်ခေါက် သစ်ပွင့် သစ်သီးနာမည်တွေ ရေးထားတာ တွေ့ရတယ်။ တချို့အမယ်က အိန္ဒိယနဲ့ ပါရှကရတဲ့ အမျိုးအစားဖြစ်မယ်ထင်တယ်။ အဲဒါကြောင့် –

(၁) မြန်မာတွေဟာ ခရစ် တစ်ဆယ့်တစ်ရာစုနှစ်က ဗုဒ္ဓသာသနာကို မဟာယာနဂိုဏ်းရော ဟိနယာနဂိုဏ်းပါ နှစ်မျိုးစလုံးကို ကိုးကွယ်တယ်။

(၂) ရှင်ဘုရင်က ပါဠိသက္ကတရောတဲ့စာနဲ့ မွန်စာကိုသုံးပြီး ဆုတောင်းစာကို ရေးခဲ့တယ်။

(၃) တချို့ရဟန်းတော်တွေက မွန်စာ ပျူစာရေးတဲ့ အက္ခရာတွေကို သုံးပြီး (ဝိနည်းအရ ဆေးမကုရဆိုပေမဲ့) ဆေးဝါးကုသဖို့ အားထုတ်တယ်။

(၄) မြန်မာကလည်း မွန်နဲ့ပျူလိုပဲ ကိုယ့်ဘာသာစကားကို အိန္ဒိယကရတဲ့ အက္ခရာနဲ့ ရေးသားကြပါပြီ။

အပေါ်မှာပြောခဲ့တဲ့အတိုင်း အဲဒါတွေအားလုံးဟာ ခရစ်တစ်ဆယ့်တစ်ရာစုနှစ်က ဖြစ်ခဲ့တယ်။ အစပထမမှာ မြန်မာတွေဟာ အိန္ဒိယက အက္ခရာကို ယူငင်ပြီး ကိုယ့်ဘာသာစကားကိုရေးဖို့ ဝန်လေးနေတယ်လို့ ထင်ရပါတယ်။ ဒါကြောင့် ပါဠိသက္ကတရောရေးတဲ့အခါရေး၊ မွန်လိုရေးတဲ့အခါရေးနဲ့ နည်းစုံအောင် စမ်းသပ်နေတယ်လို့ ထင်ရပါတယ်။ ခရစ် တစ်

mgyoe.com

mgyoe.com


ဆယ့်နှစ်ရာစု နှစ်ဦးရောက်တဲ့အခါမှ မြန်မာလိုသက်သက်ရေးတတ်လာတယ်လို့ ဆိုနိုင်တယ်။ စာရေးတတ်ပြီဆိုရင် သူတို့အတွက် အရေးအကြီးဆုံး အလုပ်ဖြစ်တဲ့ မြတ်စွာဘုရားရဲ့တရား ပိဋကကို မြန်မာပြန်ဖို့ ကြိုးစားကြပါတယ်။ အဲဒါကို လုပ်နိုင်ဖို့ ပါဠိသဒ္ဒါကျမ်း ကောင်းကောင်းတွေကို ပုဂံရဟန်းတော်တွေက ရေးသားပြုစုနိုင်ကြတယ်။ လူများစုက စာမတတ်လို့ တရားတော်ကို မဖတ်တတ်ကြလို့ ဇာတ်တော်တွေကို ဂူဘုရားနံရံမှာ အရုပ်နဲ့ ရေးဆွဲပြကြပါတယ်။ ဇာတ်တော်တွေက ကောင်းမှုလုပ်ရင် ကောင်းကျိုးဆုမြတ်ရမယ်၊ ဆိုးသွမ်းမိုက်မဲရင် အပြစ်ဒဏ်ခံရမယ်လို့ တိုတိုနဲ့ ရှင်းရှင်း ပြောပြတယ်။ အရုပ်နဲ့ ရေးဆွဲပြတဲ့အခါ ပိုပြီးရှင်းလင်းအောင် သိရှိသွားကြပါတယ်။

ထိလိုင်မင်း (၁၀၈၄–၁၁၁၃)လက်ထက် ကုန်ခါနီးရောက်မှ သီဟိုဠ်ရဲ့ ကျေးဇူးနဲ့ မြန်မာတွေက ပိဋက သုံးပုံကို ရတယ်လို့ထင်ပါတယ်။ အရင်ကတော့ ဘုရား တရားတော်က ကောက်နုတ်ချက်တချို့ကိုပဲ အာဂုံဆောင်တယ်။ ရွှံ့ပြား၊ ကျောက်ပြား၊ ငွေပြား၊ ရွှေပြားမှာရေးပြီး အိမ်တွင်းနဲ့ အိမ်ဝန်းကျင်မှာ အန္တရာယ်ကင်းအောင် ထားကြတယ်။ နောက် ပိဋကသုံးပုံကို ရပြီဆိုတော့ ပါဠိဘာသာကျွမ်းကျင်တဲ့ ရဟန်းတွေကို ပိဋကသုံးပုံကို နိုင်သလောက် မြန်မာဘာသာပြန်ပေးဖို့ နှိုးဆော်တိုက်တွန်းကြတယ်။ အဲဒါနဲ့ ယှဉ်ပြိုင်ပြီး ပါဠိသဒ္ဒါကို ကောင်းကောင်းတတ်ဖို့ သင်ကြားကြတယ်။ သဒ္ဒါကျမ်းတွေ ရေးသားပို့ချတယ်။ လွယ်ကူတဲ့ သုတ္တန်တရားတော်ထဲက ဇာတ် ၅၄၇ ခုကို မြန်မာဘာသာပြန်ဆိုတယ်။ ဒါကို လူကြိုက်များတယ်။ ပန်းချီဆရာက ဂူနံရံမှာ အရုပ်နဲ့ရေးဆွဲပြတော့ ပိုပြီးနှစ်သက်ကြတယ်။ အောက်ကစာကို အစပိုင်းမှာ မွန်လိုလည်း ရေးတတ်တယ်၊ နောက်တော့ မြန်မာလိုရေးမယ်၊ ပန်းချီဆရာက ဝတ္ထုကို သရုပ်ဖော်ကောင်းရင် အောက်ကစာမထိုးဘဲနဲ့လည်း ဇာတ်ကြောင်း အဆိုးအကောင်းကို သိနိုင်ကြပါတယ်။

ရိုးရာဓလေ့ကို ရေးကတော့ သားစဉ်မြေးဆက် နှုတ်တက်အာဂုံဆောင်ခဲ့ကြမှာ ဖြစ်ပါတယ်။ ခရစ် တစ်ဆယ့်သုံးရာစုနှစ်ကုန်ပိုင်းကို ရောက်မှ စာနဲ့ချရေးပါတယ်။ အိမ်မှုဆိုတဲ့ လက်ထပ်ခြင်း၊ လင်ကွာမယားကွာနဲ့ အမွေခွဲဝေခြင်းတွေကို အိန္ဒိယဓလေ့ မစွက်ဖက်ဘဲ မြန်မာပုံစံရေးသားကြပါ

mgyoe.com

mgyoe.com


တယ်။ လက်ရောက်မှု၊ ကတိပျက်ကွက်မှု၊ လောင်းကစားမှု၊ မုဒိမ်းမှုတွေကို ရှင်ဘုရင်ကိုယ်စား ပြည်သူထဲက သီလသမာဓိရှိတဲ့လူတွေကို တရားသူကြီး ခန့်ထားပြီး ဆုံးဖြတ်ပေးကြပါတယ်။ အမှုပေါင်းများစွာကို စေ့စပ်ဖျန်ဖြေခြင်းနဲ့ ငြိမ်းအေးစေတယ်။ လူသတ်မှုဖြစ်တာတောင် ငွေဒဏ်ပေးဆောင်ရင် သေစားသေစေဆိုတဲ့ အပြစ်ဒဏ်ကြီးမျိုးကတောင် လွတ်နိုင်ပါတယ်။ တရားသူကြီးတွေကို ချစ်လို့၊ မုန်းလို့၊ ကြောက်လို့၊ မသိလို့ဆိုပြီး ဘက်မလိုက်ရလို့တော့ နှိုးဆော်သတိပေးထားပါတယ်။ စေ့စပ်သေချာအောင် စစ်ဆေးရတယ်။ ပြီးတော့ ဘယ်လောက်ကျူးလွန်ရင် ဘယ်ဒဏ်ပေးစေဆိုတာမျိုး ဆုံးဖြတ်ပေးရပါတယ်။ ဆုံးဖြတ်တဲ့အခါ အရင်က အလားတူအပြစ်မျိုးကို ဘယ်လိုစီရင်သလဲဆိုတာ လေ့လာရမြဲဖြစ်ပါတယ်။ အဲဒီလိုဖြတ်ထုံးကို အလေးဂရုမပြုရင် တရားမျှတခြင်းမရှိ၊ ဖိစီးနှိပ်စက်သလို ဖြစ်နေမှာစိုးရတယ်လို့ ယူဆကြတယ်။ တရားသူကြီးရဲ့ ဆုံးဖြတ်ချက်ကို တရားလိုတရားခံ နှစ်ဦးစလုံး နှစ်သက်ပြီဆိုရင် နီးစပ်ရာ အပေါင်းအသင်းတွေကိုပါ ခေါ်ပြီး 'သိယ်သားစားသောက်ကြတယ်'မကျေနပ်ရင် အထက်ရုံးမှာ အယူခံနိုင်တယ်။ ရှေ့နေရှေ့ရပ်တွေက တတ်စွမ်းသလောက် မျှတစေဖို့ လျှောက်လဲချက်ပေးခွင့်ရတယ်။ အနောက်နိုင်ငံတွေနဲ့ မတူတဲ့အချက်ကတော့ စေ့စပ်ဖျန်ဖြေခွင့်ပြုတာပဲ ဖြစ်တယ်။ ဥပဒေပြဋ္ဌာန်းပြီးရှိတယ်၊ အိန္ဒိယက ဥပဒေရေးဆွဲပေးတဲ့ မနုကိုစွဲပြီး မနုဓမ္မသတ်လို့ နာမည်ပေးထားပေမဲ့ ရိုးရာဓလေ့သာ ဖြစ်တယ်။ ပထမရေးစဉ်က ပါဠိဘာသာနဲ့ ရေးခဲ့ပေမဲ့ နောင် မြန်မာပြန်တယ်၊ အစရေးတဲ့ကျမ်းရင်းကို မနုရင်းလို့ခေါ်တယ်။ ခက်တဲ့နေရာတွေမှာ ရှင်းလင်းချက်လိုလို့ အကျယ်ရေးရပြန်တယ်။ အဲဒီအကျယ်ရေးတဲ့ကျမ်းကို မနုကျယ်လို့ခေါ်တယ်၊ အဲဒီအခါ ဇာတ် ၅၄၇ ခုထဲက သင့်တော်မယ့်ဇာတ်ကို ကိုးကားပြီး အမှားအမှန်စစ်ဆေးပြသပါတယ်။

ပုဂံဘုရားတွေမှာ အတွင်းအလှဆင်ဖို့ နံရံဆေးရေးပန်းချီတွေ ရှိပါတယ်။ ပန်းချီအမျိုးအစား လေးမျိုးခွဲလို့ရပါတယ်။

(၁) ပထမဇာတ်တော်တွေ ဖြစ်ပါတယ်။ ဇာတ်တော်ဆိုတာ နောင်ဘုရားဖြစ်လာမယ့် ဘုရားလောင်းရဲ့ ရှေးရှေးဘဝတွေက အဖြစ်အပျက်တွေ

mgyoe.com

mgyoe.com


ဖြစ်တယ်။ ခရစ်တစ်ဆယ်ရာစုနှစ်လောက်က (ခန့်မှန်းခြေ တစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ) စာတတ်သူရှိတယ်။ အများစုက ဗုဒ္ဓတရားတော်ရဲ့နက်နဲပုံကို အလွယ်နဲ့မသိနိုင်ပါ။ တရားတော်က ဘဝအများကြီး သံသရာလည်ရလို့ ဒုက္ခတွေကျရောက်ပုံနဲ့ အဲဒီသံသရာက ဘယ်လိုရုန်းထွက်ရမယ်ဆိုတာကို လမ်းပြတယ်။ ကောင်းတာကို လုပ်တဲ့လူဟာ ဆုရသလို မကောင်းတာကိုလုပ်တဲ့လူဟာ ဒဏ်ခံရမယ်။ ဗုဒ္ဓသာသနာဝင်လူကောင်းဖြစ်ချင်ရင် နေ့စဉ် နေထိုင်စဉ်မှာပဲ ဘုရားတရားတော်ကို စိတ်မှာစွဲမြဲပြီး ကိုယ်စွမ်းသလောက် လုပ်နိုင်ရင် ဗုဒ္ဓဘာသာဝင် လူကောင်းဖြစ်နိုင်တယ်ဆိုတဲ့သဘောနဲ့ လမ်းပြပေးတာဖြစ်ပါတယ်။ လူတိုင်းကို ဒါနရဲ့အကျိုး၊ သီလရဲ့အကျိုး၊ ဘာဝနာရဲ့အကျိုးကို ရှင်းလင်းပြောပြလိုက်နာခိုင်းပါတယ်။

(၂) ဒုတိယ ဗုဒ္ဓပ္ပုတ္တိခေါ်တဲ့ မြတ်စွာဘုရားရဲ့အကြောင်းကို ဖော်ပြရေးသားတာ ဖြစ်တယ်။ ဘုရားလောင်းဟာ နတ်ပြည်က နတ်သားဘဝက နေပြီး ဘုရင် သုဒ္ဓေါဒနမင်းကြီးရဲ့ မိဖုရား မာယာဒေဝီဆီမှာ သန္ဓေယူ၊ ဖွားမြင်လာတာကစပြီး သန္ဓေယူခန်း၊ မယ်တော်က ဇာတိကိုပြန်လို့ နီပေါမရောက်ခင် လုမ္ဗနီက သာလအပင်ရင်းမှာ ဖွားမြင်ခန်း၊ အသက် သုံးဆယ့်လေးမှာ ညအချိန် ထီးနန်းကိုစွန့်ပြီး တောထွက်ခန်း၊ ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာကျင့်ပြီးမှ သဗ္ဗညုတဉာဏ်ရလို့ ဘုရားအဖြစ် ပွင့်တော်မူခန်း၊ သက်တော်ခြောက်ဆယ်မှာ ကုသိနာရုံတောမှာ ပရိနိဗ္ဗာန်ယူခန်းတွေကို နံရံမှာ ရေးသားကြပါတယ်။ သံဝေဇနိယလေးဌာနလို့ခေါ်တဲ့ ကပိလဝတ္ထုအနီး လုံမ္ဗနီမှာ ဖွားတော်မူတဲ့နေရာ၊ ဗုဒ္ဓဂါယာမှာ ဘုရားအဖြစ် ပွင့်တော်မူတဲ့နေရာ၊ ဣသိပတနခေါ်တဲ့ မိဂဒါဝုန် (သမင်တော)မှာ ဓမ္မစကြာတရားဦးဟောတဲ့နေရာ၊ ကုသိနာရုံမှာ ပရိနိဗ္ဗာန်ယူတော်မူတဲ့ နေရာတွေကို ဘုရားဖူးတွေ သွားလာကြပြီး ဘုရားကို အမျိုးမျိုးပူဇော်ကြပုံကို ရေးဆွဲပြသကြပါတယ်။ ပုဂံဂူနံရံပေါ်က ဗုဒ္ဓပ္ပုတ္တိ ဆေးရေးရောင်စုံ အရုပ်တွေဟာ ပုဂံနဲ့ပုဂံဝန်းကျင်ကလူတွေနေပုံ၊ စားပုံ၊ ပွဲကြည့်ပြီး မြူးတူးပုံ၊ တရားရပြီး ဝိပဿနာပွားပုံတွေကိုလည်း ပန်းချီဆရာက ရေးဆွဲတာဖြစ်တဲ့အတွက် ဘုရားရဲ့အောင်မြင်တိုးတက်မှု သရုပ်ဖော်ပုံတွေကိုပဲ ပုဂံရဲ့တိုးတက်မှု အသွင်အပြင်လို့ ဆိုပြီး ကြည့်ရှုနိုင်ပါတယ်။

mgyoe.com

mgyoe.com

(၃) တတိယအဖြစ်အပျက်တစ်ခုကို ရည်ညွှန်းပြီး ဖော်ပြတဲ့ ပန်းချီကားတွေ ပေါ်ထွက်လာတယ်။ (ဥပမာ) ဘုရား နှစ်ကျိပ်ရှစ်ဆူ၊ မဟာယာနဂိုဏ်းရဲ့ ဘုရားလောင်းပေါင်းစုံ၊ ဗုဒ္ဓသာသနာ မြန်မာနိုင်ငံကို ရောက်လာပုံ၊ မြတ်စွာဘုရား မာရ်စစ်သည်တွေကို အောင်နိုင်ပုံ၊ မိစ္ဆာဒိဋ္ဌိတွေနဲ့ တန်ခိုးပြိုင်ပြီး နိုင်ပုံ၊ တာဝတိံသာက လူ့ပြည်ကို ပြန်လည်ဆင်းသက်လာပုံ၊ နေမိမင်းရဲ့ ဘုံခန်းငရဲခန်း၊ ကောသလအိပ်မက်တစ်ဆယ့်ခြောက်ချက်တွေကို ရေးဆွဲခဲ့တဲ့အပြင် သူဌေးသူကြွယ်တွေရဲ့ ရာသက်ပန်အလှူပေးပုံ ဆိုတာမျိုးတွေကိုလည်း ရေးဆွဲထားတာ တွေ့ရပါတယ်။

(၄) စတုတ္ထပန်းအခွေအလိပ် ခြူးပန်း ခြူးနွယ်ထဲက တိရစ္ဆာန်မျိုးစုံ၊ နတ်သိကြား ဗြဟ္မာတွေ ဘုရားကို လာရောက်ပူဇော်ပုံကို ရေးဆွဲဖော်ပြကြပါတယ်။ အတင့်အတယ်ဖြစ်အောင် ရေးဆွဲတယ်ဆိုပေမဲ့ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်နေတဲ့လူတွေရဲ့ လောကအကျိုးချမ်းသာကို ဖော်ပြတဲ့ ပန်းချီကားတွေ ဖြစ်ပါတယ်။

နရံဆေးရေးပန်းချီရှိတဲ့ ဘုရားဂူကျောင်းစာရင်းမှာ –

ကုန်းတော်ကြီး၊ ၁၃ ရာစုနှစ်
ကျန်စစ်သား ဥမင်၊ ၁၃ ရာစုနှစ်
စိုးမင်းကြီး ဂူ ၄၉၆၊ ၁၂ ရာစုနှစ်
နဂါးရုံ၊ ၁၁ ရာစုနှစ်
နန္ဒမညာ၊ ၁၃ ရာစုနှစ်
ပထိုးသမျာ၊ ၁၁ ရာစုနှစ်
ပဲနံ့သာ ဂူ၊ ၁၃ ရာစုနှစ်
ဖြတ်စရွှေ ဂူ၊ ၁၂ ရာစုနှစ်
ဘုရားသုံးဆူ၊ ၁၃ ရာစုနှစ်
မြင်းကဗါ ဂူပြောက်ကြီး၊ ၁၂ ရာစုနှစ်
မြင်းကဗါ ဂူပြောက်ငယ်၊ ၁၂ ရာစုနှစ်
မြင်းပြ ဂူ၊ ၁၂ ရာစုနှစ်
လောကထိပ်ပန်၊ ၁၃ ရာစုနှစ်
လောကအုပ်ဆောင်း၊ ၁၂ ရာစုနှစ်

mgyoe.com

လှိုင်ရှေ၊ ၁၂ ရာစုနှစ်
သမ္ဗျူလ၊ ၁၃ ရာစုနှစ်
သယံဘူ၊ ၁၃ ရာစုနှစ်
သကျမုနိ၊ ၁၃ ရာစုနှစ်
သရိ ၄၁၈၊ ၁၂ ရာစုနှစ်
သာယာဝတေး၊ ၁၃ ရာစုနှစ်
သိမ်းမဇိး၊ ၁၃ ရာစုနှစ်
ဝက်ကြီးအင်း ဂူပြောက်ကြီး၊ ၁၃ ရာစုနှစ်
ဝိနည်းဓိုရ်၊ ၁၃ ရာစုနှစ်
အဘယ်ရတနာ၊ ၁၁ ရာစုနှစ်
အာနန္ဒာ အုတ်ကျောင်း၊ ၁၈ ရာစုနှစ်
ဥပါလိ သိမ်၊ ၁၁ ရာစုနှစ်၊ ၁၈ ရာစုနှစ်

(မှ ပြင်ဆင်)

ဂူနံရံကို ထုံးရိုက် (ထုံးဖွတ်)ပြီး အဖြူပြကတိလုပ်လိုက်တဲ့အတွက် အရင်က အရုပ်တွေရှိဖူးပေမဲ့ မင်းနန်သူ၊ လေးမျက်နှာ၊ သဗ္ဗညုနဲ့ အာနန္ဒာက နံရံဆေးရေးတွေ ပျက်စီးကုန်ပါတယ်။ ထပ်ပြီး ၁၉၇၆ က ငလျင်ကြီးကြောင့် လည်း ပန်းချီအများကြီး ပျက်စီးကုန်ပါတယ်။

အပြင်အလှဆင်တွေကို ရှေးဟောင်းအဆောက်အဦတွေမှာ အဝင်မှခံ။ ကုန်းစီးစလစ်နဲ့ ပန်းဆွဲတွေကို အင်္ဂတေနဲ့လုပ်တဲ့အခါ ပန်းတွေထဲက ငှက်မျိုး စုံ၊ ယုန်၊ ကျွဲ၊ နွား၊ ဆိတ်၊ သမင်၊ ကျား၊ ဆင်၊ ခြင်္သေ့သတ္တဝါတွေ၊ ကိတ္တိမုခ ဘီလူးပုံတွေ ထွက်လာပါတယ်။

အပြင်အလှဆင် တွေ့နိုင်တဲ့နေရာတွေက
ကုန်းတော်ကြီး၊ ညောင်ဦး၊ ၁၃ ရာစုနှစ်
ဂူ ၁၂၂၄၊ ထီးလိုမင်းလိုအနောက်၊ ၁၂ ရာစုနှစ်
ဂူကလေး၊ ရွှေဆံတော် အနောက်မြောက်၊ ၁၂ ရာစုနှစ်
ဂူတော်သစ် ၇၉၉၊ ပုဂံ၊ ၁၂ ရာစုနှစ်
ငါးမျက်နှာ၊ မင်္ဂလာစေတီအရှေ့မြောက်၊ ၁၃ ရာစုနှစ်
စာသင်ဂူ၊ မင်းနန်သူ၊ ၁၃ ရာစုနှစ်

mgyoe.com

mgyoe.com

ရှုဋ္ဌာမနိ၊ မင်းနန်သူ၊ ၁၂ ရာစုနှစ်
ဆုတောင်းပြည့်၊ ဖွားစော၊ ၁၃ ရာစုနှစ်
ထီးလိုမင်းလို၊ ၁၃ ရာစုနှစ်
နဂါးရုံ၊ ၁၁ ရာစုနှစ်
ဖြတ်စရွေဂူ၊ မြင်းကဗာ၊ ၁၂ ရာစုနှစ်
မဟာဂူကြီး၊ မင်္ဂလာစေတီအရှေ့၊ ၁၃ ရာစုနှစ်
မင်းနန်သူ ၃၂၉၊ ၁၃ ရာစုနှစ်
မာန်အောင်၊ သဗ္ဗညုတောင်၊ ၁၃ ရာစုနှစ်
မြေဘုံသာ၊ ပုဂံ၊ ၁၂ ရာစုနှစ်
မြင်းကဗာ ဂူပြောက်ကြီး၊ ၁၂ ရာစုနှစ်
မြင်းကဗာ ဂူပြောက်ငယ်၊ ၁၂ ရာစုနှစ်
မြင်းကဗာ ဖ၉၇၊ ဂူပြောက်ကြီးမြောက်၊ ၁၃ ရာစုနှစ်
လောကအုပ်ဆောင်း၊ ပုဂံ၊ ၁၂ ရာစုနှစ်
လှိုင်ရှေ၊ ပုဂံ၊ ၁၂ ရာစုနှစ်
သရိ ၄၁၈၊ လောကနန္ဒာအရှေ့တောင်၊ ၁၂ ရာစုနှစ်
သရိဂူပြောက်၊ ၁၂ ရာစုနှစ်
သကျမုနိ၊ ညောင်ဦး၊ ၁၃ ရာစုနှစ်
သာယာဝတေး၊ လောကနန္ဒာတောင်၊ ၁၃ ရာစုနှစ်
သက်န်းရုံ ၃၅၆၊ မင်းနန်သူ၊ ၁၃ ရာစုနှစ်
သမ္ဗုလ၊ မင်းနန်သူ၊ ၁၃ ရာစုနှစ်

အောက်စာရင်းပါဂူတွေမှာ ရုပ်ကြွနိမ့်၊ ရုပ်ကြွမြင့်နဲ့ ကျောက်ရုပ်ရယ်၊ ဇာပြတင်းပေါက်ရယ် ရှိပါတယ်။

ကျောက်ကူးဥမင်၊ ၁၂ ရာစုနှစ်
နဂါးရုံ၊ ၁၁ ရာစုနှစ်
နတ်လှောင်ကျောင်း၊ ၁၁ ရာစုနှစ်
နန်းဘုရား၊ ၁၁ ရာစုနှစ်
မြေပုံသာ၊ ၁၂ ရာစုနှစ်
မြင်းကဗာ ဂူပြောက်ကြီး၊ ၁၂ ရာစုနှစ်

mgyoe.com

မြင်းဂဗ္ဗာ ဂူပြောက်ငယ်၊ ၁၂ ရာစုနှစ်

အဘယ်ရတနာ၊ ၁၁ ရာစုနှစ်

အာနန္ဒာ၊ ၁၁ ရာစုနှစ်

ပုဂံမှာ စဥ့်ရည်လိမ်းတဲ့ သဲကျောက်အုတ်နဲ့ ဓာတ်တော်တွေ၊ ဗုဒ္ဓပ္ပတ္တိတွေ၊ ကြမ်းခင်းကျောက်တွေပါတဲ့ အောက်က စာရင်းပါ ရှေးအဆောက်အအုံတွေကလွဲလို့ တခြား ဘယ်မှာမှ ဒါမျိုးမရှိပါ။

စူဠာမုနိ၊ ၁၂ ရာစုနှစ်

စိုးမင်းကြီးစေတီ၊ ၁၃ ရာစုနှစ်

ထီးလိုမင်းလို၊ ၁၃ ရာစုနှစ်

ဓမ္မရာဇက၊ ၁၂ ရာစုနှစ်

မင်္ဂလာစေတီ၊ ၁၃ ရာစုနှစ်

မာန်အောင်၊ ၁၃ ရာစုနှစ်

ရွှေစည်းခုံ၊ ၁၁ ရာစုနှစ်

အာနန္ဒာ၊ ၁၁ ရာစုနှစ်


ပုဂံမှာ စေတိယ (ဗုဒ္ဓကို မီးသဂြိုဟ်ပြီး ကြွင်းကျန်တဲ့ဓာတ်တော်ကို ဌာပနာထားတယ်။ ရုပ်ပွားတော်ထားပြီး အဆောက်အအုံအတွင်းကို ဝင်လို့ရတဲ့ ဘုရားကျောင်းနဲ့မတူတဲ့ သင်္ချိုင်းတော်) ရာပေါင်းများစွာရှိပါတယ်။ ဂူ (ဂူဟ)ဆိုတဲ့ ရုပ်ပွားတော်ထားရာ ဘုရားကျောင်းတွေလည်း အများကြီး ရှိတယ်။ တချို့က များများပျက်စီးနေသလို၊ တချို့က နည်းနည်းလောက်ပဲ ပျက်တယ်။ ပျက်စီးပုံမျိုးစုံရှိတယ်လို့ ပြောရပါမယ်။ ဒီလိုအပျက်အစီးတွေ အနံ့အပြားရှိတဲ့ မြေဧရိယာက ၁၆ စတုရန်းမိုင် ရှိပါတယ်။

ပုဂံမှာ ရှေးအကျဆုံးစေတီ (ထူပါ)ကို ခရစ် တစ်ဆယ်ရာစုနှစ်က စပြီး တွေ့နိုင်ပါတယ်။ အဲဒီခေတ်အစောပိုင်းက စေတီဟာ ခရစ်မပေါ်မီ နှစ်ရာစုနှစ်က အိန္ဒိယဆန်ချီ (သိဉ္စိ)ထူပါပုံစံလို စက်ဝန်းထက်ခြမ်းကြက်ဥလုံးလုံး သဏ္ဌာန်ရှိပါတယ်။ နောက်ပိုင်း ကုသိုလ်ရှင်တွေက မုန့်ပေါင်းလို ကုန်းကြီးကို နည်းနည်းခါးရှည်ပေးလို့ မီးပြောင်းပုံ (မီးတောက်အောင် မှုတ်ရတဲ့ ပြွန်ချောင်း) လုံးလုံးရှည်ရှည် ဖြစ်လာတယ်။ အဲဒီပြောင်းရှည်ကို ထိပ်လုံးပြီး အပေါ်က ထီးတစ်လက်ဖွင့်ပြီး စိုက်ထားတဲ့ပုံ ဖြစ်လာ

mgyoe.com

mgyoe.com

ပါတယ်။ သရေခေတ္တရာ (မော်ဇာ)မှာ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာတွေဟာ အခုပြောတဲ့ မီးပြောင်းသဏ္ဍာန် စေတီတွေဖြစ်ပါတယ်။ ပုဂံမှာရှိတဲ့ ဗူးဘုရား၊ ငကျွဲနားတောင်းနဲ့ လောကနန္ဒာတို့ဟာ သရေခေတ္တရာပုံစံကို အသင့်အတင့် ပြင်ထားတာဖြစ်ပါတယ်။ အခုအနေအထားကို ပြောရရင် ပုဂံမှာ ဘယ်စေတီမှ ထိပ်ပိုင်းရှေးပုံစံ မရှိတော့ပါ။ နှစ်ရှည်ကြာပြီး



ဆွေးမြေ့လို့ မိုးဒဏ်လေဒဏ်နဲ့ ငလျင်ဒဏ်ကြောင့် ပြိုကျတယ်။ ဘုရားပျက်ကို ပြင်ဖို့ ဂေါပကအဖွဲ့နဲ့ ကုသိုလ်ရှင်တွေ ပေါ်လာရင် ဘုရားသင်္ကန်းပတ်အထက် ဖောင်းရစ်၊ ကြာမှောက်၊ ငှက်ပျောဖူး၊ ထီး၊ ဆွဲလဲ၊ ငှက်မြတ်နား၊ စိန်ဖူးအပါအဝင် အားလုံးဟာ ခေတ်သစ်စနစ်ပုံစံနဲ့ တောက်ပဝင်းထိန်သွားတယ်။ ဒီနေရာမှာ ရှေးပုံစံက ဘယ်လိုလဲလို့ မေးစရာရှိပါတယ်။ စေတီကြီးကြီးပြိုကျတဲ့အခါ အတွင်းက စေတီသေးသေး ပေါ်လာတတ်တယ်။ ခပ်လွယ်လွယ်ပဲ ပေါ်တော်မူလို့ ခေါ်လိုက်ကြတယ်။ ကြုတ်ဘုရား၊ လွှမ်းငုံဘုရား၊ ဝမ်းတွင်းဘုရားခေါ်လိုရာ ခေါ်နိုင်ပေမဲ့ ခုထိတော့ ပေါ်တော်မူလို့ပဲ ခေါ်နေကြပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ သွင်းဘုရား (encased pagoda)

mgyoe.com

mgyee.com




လို့ ညွှန်းလေ့ရှိတယ်။ ဒီလို အမိဝမ်းမှာ သန္ဓေသားကို လွယ်ထားသလိုဖြစ်နေလို့ အမိထက်ငယ်ရိုးအမှန် ဖြစ်ပေမဲ့ စေတီမှာတော့ အတွင်းစေတီငယ်က စောတယ်၊ အပြင်စေတီကြီးက နောက်မှ တည်ဆောက်ရလို့ နောက်ကျတယ်။ အဲဒီပေါ်တော်မူဟာ ပုဂံရှေးဘုရားတွေရဲ့ မူလဟန် (style)မှန်တယ်။ ပေါ်တော်မူကို စံထားပြီး ရှေးမူမပျက် ပြန်လည်တည်ဆောက် (restoration) ရမယ်။ အခု ပုဂံမှာ ပေါ်တော်မူ သုံးဒါဇင် (dozen)ထက်မနည်း ရှိနေပါပြီ။ ရွှေစည်းခုံ၊ ရွှေ ဆံတော်နဲ့ မင်္ဂလာစေတီတို့ရဲ့ သပိတ်မှောက်သင်္ကန်းပတ်တွေဟာ ခေါင်းလောင်းနဲ့ သိပ်တူနေလို့ အခုအခေါ်နဲ့ "ခေါင်းလောင်းပုံ"စေတီလို့ ခေါ်လေ့ရှိပါတယ်။ အဲဒီခေါင်းလောင်းပုံ စေတီဟာ ဘဲဥပုံစေတီက ဆင်းသက်လာတာဖြစ်တယ်။ နှောင်းခေတ်ရောက်မှ ပေါ်တယ်လို့ အမျိုးမျိုးပြောနေကြတယ်။ မော်ဇာမှာ ပျူခေတ်ကပဲ ရှိခဲ့တဲ့ ပေါ်တော်မူဘုရားနှစ်ဆူကို "ခေါင်းလောင်းပုံ"နဲ့ပဲတွေ့လို့ ရှေးရှေးကပဲ ခေါင်းလောင်းပုံစေတီရှိပြီလို့ ပြင်ပြီးပြောရပါတယ်။ စေတီမှာ အခု ဖောင်းရစ်ခေါ်တဲ့နေရာဟာ ရှေးက ဆတ္တရဝါလိ (ထီးအစဉ်)လို့ ခေါ်တယ်။ ထီးငါးလက်နဲ့အထက် ခုနစ်လက်၊ ကိုး လက်ဆိုသလို ရှိနိုင်တယ်။ အဲဒီအထက်က ငှက်ပျောဖူးဆိုတာကို ပုဂံခေတ်က အထွတ်လို့ပဲခေါ်တယ်။ အထွတ်အထက်မှာ ဘာမှမရှိတော့ပါ။ ရှေးနာမည်ကတော့ ဝရ်ပတြလ (မိုးမယိုအောင်တားနိုင်တဲ့အဆို့)လို့ ခေါ်ပါတယ်။ သီးခြားမကိုဋ်ပုံ နောက်တိုးတစ်ခုမရှိသေးပါ။ အခု ဘုရားထီးလို့ခေါ်တဲ့ မကိုဋ်က ခရစ် ၁၄ ရာစုနှစ်ရောက်မှ မြန်မာနိုင်ငံမှာသာ တီထွင်တာဖြစ်ပါတယ်။ ဆပဋ္ဌနဲ့ ပေပင်ကျောင်း ဘုရားတွေလို

mgyee.com

mgyoe.com

သီဟိုဠ်ကျွန်း (သီရိလင်္ကာ)က တိုက်ရိုက်ယူပြီးဆောက်တဲ့ စေတီတွေလည်း ရှိပါတယ်။ အဲဒီပုံစံက ခရစ်တစ်ဆယ့်သုံးရာစုနှစ်ရောက်မှ စတင်သွင်းယူလာတဲ့ ပုံစံဖြစ်ပါတယ်။ သရီ (သိရိပစ္စရ)မှာ အခု စေတနကြီးလို့ နာမည်ပြောင်းထားတဲ့ စေတီကြီးဟာ တောင်အိန္ဒိယက ဟိန္ဒူဘုရားကျောင်းမျိုး ဂိဋ္ဌ (Sisna) ကျောင်းတော်ကို ငုံပြီးပြင်ထားတဲ့ စေတီဖြစ်ပါတယ်။ မူလ ဟိန္ဒူကျောင်းကို အလားတူပြင်ထားတဲ့ စေတီတွေ၊ ဂူတွေ ပုဂံမှာ ရှိပါသေးတယ်။

ဂူဟာဆိုတဲ့ တောင်ကျောပေါ်က သဘာဝဂူကို အတုယူပြီး ဗုဒ္ဓဆင်းတုတော် ကိန်းဝပ်စံပယ်ဖို့ ပုဂံမှာ ဘုရားကျောင်း ဆောက်လုပ်ထားကြတာတွေလည်း ရှိပါတယ်။ ဂူအားလုံးပဲ အိန္ဒိယပုံစံတွေ ဖြစ်တယ်။ အတွင်းက အခု ဂန္ဓကုဋိတိုက်ဆိုတာက ရှေးက ဂရ်ဘ (Garbha)အမိဝမ်း၊ ဂြဟ (Graha)အိမ်လို့ ခေါ်ပါတယ်။ ဗုဒ္ဓကိုယ်စားတော် ကိန်းဝပ်စံပယ်ရာ နေရာဖြစ်ပါတယ်။ ဒီလို ရုပ်ပွားတော်ထားတဲ့ကျောင်းကို ရှေးက ကုလားကျောင်းလို့ပဲ ခေါ်တယ်။ အဲဒီကျောင်းအပေါ်မှာ သိခရ (မျှော်စင်၊ ပြာသာဒ်၊ ပန်းတောင်း)တင်တယ်။ အာနန္ဒာဘုရားက မြောက်အိန္ဒိယ၊ မဟာဗောဓိက ဗဟိုအိန္ဒိယ၊ ကန်တော့ပလ္လင်နဲ့ စူဠာမုနိက တောင်အိန္ဒိယပုံစံ ပြာသာဒ်ကျောင်းတွေ ဖြစ်ပါတယ်။ သတိပြုရမယ့်အချက်က ပုဂံခေတ်ဦး ဘုရားကျောင်းတွေက အတွင်းသိပ်မှောင်တယ်။ ပုဂံခေတ်နောက်ပိုင်း ဘုရားကျောင်းတွေမှာတော့ အတွင်းလင်းတယ်။ ဒီလိုခြားနားချက်က ဗိသုကာတည်ဆောက်ပုံ ကွာလို့ဖြစ်ငါယ်။ ခေတ်ဦးဂူ (ဂူဟ)ကို ဆောက်တဲ့အခါ အလျားလိုက်မျဉ်းကို အသားပေးတယ်။ အဲဒီအခါ အဆောက်အအုံဟာ မြေမှာဝပ်နေသလိုဖြစ်ပြီး အမှန်တကယ် အမြင့်ထက် နိမ့်သယောင်ထင်ရတယ်။ ပြတင်းပေါက်ထည့်တာလည်း နည်းတယ် ပြတင်းပေါက်က အဆမတန် သေးငယ်တယ်။ ပြတင်းတစ်ပြင်လုံး ပန်းခက်တွေ စက်ဝန်းတွေလုပ်ပြီး ကြားပေါက်ငယ်ငယ်တွေကပဲ အလင်းရောင်ရတယ်။ ဒါကြောင့် ပန်းအလုများတဲ့ ပြတင်းကို ဇာပြတင်း (perforated window)လို့ခေါ်လေ့ရှိပါတယ်။ အလင်းရောင်နည်းပြီး လေကောင်းလေသန့် အရနည်းတာကို တွေ့ရမယ်။ အဘယ်ရတနာ၊ ပထိုးသမျှတွေဟာ စံနမူနာတွေဖြစ်ပါတယ်။ တည်ငြိမ်ဟန် (repose type)

mgyoe.com

mgyoe.com

လို့ ဖော်ပြလေ့ရှိတယ်။ နောက်ပိုင်းရုပ်တွေမှာတော့ ဒေါင်လိုက်မျဉ်းကို အသားပေးတည်ဆောက်တဲ့အတွက် မူလအရှိထက် ပိုမြင့်တယ်လို့ ထင်ရပါတယ်။ ပြတင်းတွေများတယ်၊ အလင်းရောင်နဲ့ လေဝင်ဖို့ ပြတင်းဝကျယ်တယ်။ ဒါကြောင့် အတွင်းမှာလင်းနေတယ်။ စံနမူနာအဖြစ် ပြစရာ အကောင်းဆုံးကတော့ သဗ္ဗညုဘုရား ဖြစ်ပါတယ်။ တက်ကြွဟန် (virile type)လို့ ဖော်ပြလေ့ရှိပါတယ်။ ကြားကာလ (မလင်းမမှောင်) ဘုရားက အာနန္ဒာဘုရား ဖြစ်ပါတယ်။ ဒီလိုပြောင်းတာဟာ ဗိသုကာပညာ တိုးတက်လာလို့ဖြစ်တယ်။ ခရစ်တစ်ဆယ့်နှစ်နှစ်က ဖြစ်မယ်လို့ ယူဆပါတယ်။

ဥမင်လို့ခေါ်တဲ့ ကမ္ဘဋ္ဌာန်းထိုင်စရာ လိုဏ်ရှည်တွေလည်း ရှိပါတယ်။ ကျောက်ကူးဥမင်၊ ကျန်စစ်သားဥမင်ဆိုတာတွေက အဇန္တ (Ajanta)ပုံစံကို တုတာလို့ပြောရင် ဖြစ်မယ်။ ပုံရေးနည်းလည်း သိပ်မကွာပါဘူး။ လက်ရာပြောင်မြောက်တဲ့ နေရာမှာတော့ အိန္ဒိယကို မီမယ်မဟုတ်ပါ။ အဇန္တက လက်ရာတွေက ခရစ် တစ်ဆယ်ရာစုနှစ်ထက် စောနိုင်တယ်။ သိမ (သိမ်)၊ ပိဋကတိုက်ဆိုတာတွေလည်း ရှိပါသေးတယ်။ ပိဋကသုံးပုံနဲ့ အဖွင့်ကျမ်း (ဋီကာ၊ အဋ္ဌကထာ)တွေကလည်း သိပ်မများလှသေးလို့ အခန်းကျဉ်းကျဉ်း အလျားရှည်ရှည် ဖြစ်ဖို့များတယ်။ အပြန်ပြန်အထပ်ထပ် "ပြင်ကြလို့ ပျက်ကုန်ပြီ"။ အနိရုဒ္ဓရဲ့ ပိဋကတိုက်ဟာ အမရပူရ ပဒုံမင်း (ဘိုးတော်ဘုရား) ၁၇၈၁–၁၈၁၉ ပြင်ခဲ့လို့ ကုန်းဘောင်ခေတ် ဗိသုကာစာရင်းဝင်သွားပြီ။

အသုံးချဖို့ ကိစ္စတစ်မျိုးထက်ပိုတဲ့ အဆောက်အအုံပုံစံ တစ်မျိုးတစ်စား ရှိပါသေးတယ်။ (ဥပမာ) သဗ္ဗညုဘုရားဆိုရင် မြေညီထပ်က ဘုန်းတော်ကြီးတွေ သီတင်းသုံးဖို့ ဘုန်းကြီးကျောင်း ဖြစ်ပါတယ်။ ပထမအဆင့်က ပိဋကတိုက်၊ ဒုတိယအဆင့်က ဘုရားကျောင်း၊ အပေါ်မှာ ပန်းတောင်းခေါ်တဲ့ သိခရ (ပြာသာဒ်) ပေါက်ထားတယ်။ ဒါကြောင့် သဗ္ဗညုဘုရားဟာ ဘုန်းကြီးကျောင်း၊ ပိဋကတိုက်၊ ဘုရားကျောင်း၊ စေတီလေးမျိုးစုံ အဆောက်အအုံဖြစ်ပါတယ်။

ရွှေဂူဆိုရင် ပိဋကတိုက်ဖြစ်ဖို့ များတယ်လို့ ပြောရမယ်။ ပုဂံကျောက်စာတွေထဲမှာ ပိဋကထားရာ ရွှေဂူလို့ ဖော်ပြတာကို တွေ့ရလို့ဖြစ်ပါတယ်။

mgyoe.com